**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး**

ပထမနေ့**မှတ်တမ်း**

**၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ကတိသစ္စာ မပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)အရ ကတိသစ္စာမပြုရသေးတဲ့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ဥက္ကဋ္ဌ ရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများ စင်မြင့်ရှေ့မှာ နေရာယူပေးဖို့ ဖြစ်ပါတယ်။

ကတိသစ္စာကို တိုင်ပေးတဲ့အခါ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက လိုက်ဆိုဖို့ ဖြစ်ပါတယ်။

ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမ အတွင်းမှာရှိတဲ့ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။

ကတိသစ္စာ တိုင်ပေးတဲ့အခါ ကျွန်ုပ် ဆိုပြီးတဲ့နောက် မိမိ အမည်ကို ထည့်သွင်းရွတ်ဆိုဖို့ ဖြစ်ပါတယ်။ လိုက်ဆိုပါ။

"ကျွန်ုပ် - - - - - - - - - - - - - သည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ် ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာ ပြုပါသည်။"

အားလုံး ထိုင်နိုင်ကြပါပြီ။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၂.၇၆) ရာခိုင်နှုန်းရှိပြီး ထက်ဝက်ကျော်ဦးရေ တက်ရောက်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၁ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ပထမနေ့ ၃၀-၁-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ မျက်စိခွဲစိတ်ကုသရန်။ ဦးငွန်ဟေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာငွေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကော်မတီ ကွင်းဆင်း

လေ့လာစိစစ်ရေးခရီးစဉ်။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးဝင်းကြိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်း မဲဆန္ဒနယ်အမှတ်(၈)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်။ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ လယ်ယာမြေစီမံခန့်ခွဲရေး အစည်းအဝေးတက်ရောက်။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း၊ ဦးအေးသာအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ အိန္ဒိယနိုင်ငံပြည်ပခရီးစဉ်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဗိုလ်မှူးဖော်ထွန်း၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်တို့ ဖြစ်ကြပါတယ်။

ယနေ့ခွင့်ပန်ကြားသူ စုစုပေါင်း(၁၆)ဦး ရှိပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၁၆)ဦးအား ခွင့်အဖြစ်သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြပန်ကြားအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကို စုံစုံညီညီ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်တောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။

လွှတ်တော်သက်တမ်းဟာလည်း မကြာမီ(၁)နှစ်ပြည့်တော့မှာ ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များရဲ့ ကိုယ်တိုင်ဆောင်ရွက်မှု၊ လေ့လာမှု၊ အတွေ့အကြုံများကြောင့် ကိုယ်စားလှယ်များ၏ စွမ်းရည်များ မြင့်မားလာပြီလို့ ယုံကြည်ပါတယ်။ ပြီးခဲ့တဲ့ လွှတ်တော်အားလပ်ရက်များမှာလည်း ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် မိမိမဲဆန္ဒနယ်က ပြည်သူလူထုနဲ့ ထိတွေ့ပြီး ဒေသဖွံ့ဖြိုးရေးတွေ လုပ်ဆောင်ကြလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။ ဒါ့အပြင် မိမိမဲဆန္ဒနယ်ရဲ့ လိုအပ်ချက်များကိုလည်း လေ့လာသိရှိလာမှာ ဖြစ်ပါတယ်။

ဒါကြောင့် ယခု စတုတ္ထပုံမှန်အစည်းအဝေးမှာ မိမိတို့ရဲ့ ဒေသအတွက် မိမိတို့ရဲ့နိုင်ငံအတွက် မိမိတို့ရဲ့ စွမ်းဆောင်ရည်ကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြပါရန် တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို သက်ဆိုင်ရာအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မြန်မာနိုင်ငံအတွင်း သက်ငယ်မုဒိမ်းမှုများ တိုးတက်လာခြင်းနှင့် အပြစ်မဲ့သည့် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် ခံနေရခြင်းမှ အမြန်ဆုံးကာကွယ်နိုင်ရန်အတွက် ပြစ်မှုကျူးလွန်သူများအပေါ် ထိရောက်ဟန့်တားမှု ရှိစေရန်တရားရုံးများက အမြင့်ဆုံးပြစ်ဒဏ်ဖြစ်သော တစ်သက်တစ်ကျွန်းဒဏ် ချမှတ်ခြင်း အပါအဝင် ထိရောက်သော အစီအမံများ အရေးပေါ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ယခု မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင် က မြန်မာနိုင်ငံအတွင်း သက်ငယ်မုဒိမ်းမှုများ တိုးတက်လာခြင်းနှင့် အပြစ်မဲ့သည့် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံနေရခြင်းမှ အမြန်ဆုံးကာကွယ်နိုင်ရန်အတွက် ပြစ်မှုကျူးလွန်သူများအပေါ် ထိရောက်ဟန့်တားမှုရှိစေရန် တရားရုံးများက အမြင့်ဆုံးပြစ်ဒဏ်ဖြစ်သော တစ်သက်တစ်ကျွန်းဒဏ် ချမှတ်ခြင်း အပါအဝင် ထိရောက်သော အစီအမံများ အရေးပေါ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်ထောင်စုဝန်ကြီးများ၊ တရားလွှတ်တော်ချုပ် တရားသူကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်မက မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်အောင် ဖြစ်ပါတယ်။ ကျွန်မ မေးမြန်းလိုတာက ယခုအချိန်မှာ ကျွန်မတို့နိုင်ငံမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ သက်ငယ်မုဒိမ်းမှုတွေ အလွန်မြင့်မားတိုးတက်လာနေတာကို နေ့စဉ်နဲ့အမျှ သတင်းစာ၊ ဂျာနယ်တွေနဲ့ အင်တာနက်တွေမှာ တွေ့နေရပါတယ်။ တစ်နိုင်ငံလုံးမှာ သက်ငယ်မုဒိမ်းမှုဟာ ၂၀၁၅ ခုနှစ်မှာ အမှုပေါင်း (၃၁၆)မှုနှင့် ၂၀၁၆ ခုနှစ်မှာ (၅၃၄)မှုဖြစ်ပွားခဲ့ကြောင်းသိရပါတယ်။ တစ်နှစ်ထက်တစ်နှစ် အမှုအရေအတွက် တိုးပွားလာတာကလည်း အတော်စိုးရိမ်ဖွယ်ရာ ဖြစ်နေပါတယ်။ ကျူးလွန်ခံရတဲ့သူတွေကလည်း မူကြိုကလေးအရွယ်ကစပြီး အသက်(၁၀)နှစ်အောက် ကလေးတွေဖြစ်ပြီးတော့ အခုလို အသက်ငယ်ရွယ်တဲ့ အပြစ်မဲ့ကလေးငယ်များအပေါ် ပစ်မှတ်ထားပြီး ကျူးလွန်နေကြတာဟာလည်း ကလေးတွေအနေနဲ့ သွေးဆောင်ခေါ်ယူရလွယ်ကူခြင်း၊ အကျိုးအကြောင်း ပြောမပြတတ်ခြင်း၊ ရင်းနှီးတဲ့သူတွေက ခေါ်ယူတဲ့အခါ အလွယ်တကူလိုက်ပါလေ့ရှိခြင်းအပေါ်မှာ အခွင့်ကောင်းယူပြီး ကျူးလွန်ကြတယ်လို့ လေ့လာတွေ့ရှိရပါတယ်။

ယခုဖော်ပြတဲ့ ကိန်းဂဏန်းတွေဟာ ပြစ်မှုဖြစ်ပွားပြီး ရဲစခန်းကိုတိုင်ကြားရာက လူတွေသိလာရတဲ့ အမှုတွေဖြစ်ပြီးတော့ အရှက်ကွဲမှာစိုးလို့ မတိုင်ကြားတဲ့ လူမသိ သူမသိနဲ့ ပြီးဆုံးသွားတဲ့အမှုတွေလည်း အများအပြားရှိခဲ့ပါတယ်။ သက်ငယ်မုဒိမ်းမှုအများစုဟာ နီးစပ်ရာ ပတ်ဝန်းကျင်နဲ့ ဆွေမျိုးသားချင်းတွေ၊ အိမ်နီးချင်းတွေက အများဆုံးကျူးလွန်လေ့ရှိကြပါတယ်။ မှုခင်းဖြစ်ပွားမှုနှုန်းကတော့ ရန်ကုန်တိုင်းဟာ အများဆုံးဖြစ်ပြီး ဒုတိယအများဆုံးက ဧရာဝတီတိုင်းဖြစ်ပါတယ်။ အထူးသဖြင့် မြို့ရဲ့ ဆင်ခြေဖုံးမှာနေထိုင်ကြပြီး ဆင်းရဲနွမ်းပါးတဲ့သူတွေမှာ အဖြစ်အများဆုံးဖြစ်တာကို တွေ့ရပါ

တယ်။ ဒီလိုရင်နှင့်ဖွယ်ရာ အဖြစ်အပျက်တွေကြောင့် ပြည်သူတွေကလည်း အတော့်ကို စိတ်မချမ်းမသာ ဖြစ်ကြရပါတယ်။ သက်ငယ်မုဒိမ်းမှုများလာခြင်း အကြောင်းအရင်းကလည်း အင်တာနက် ကွန်ရက်က တစ်ဆင့် လိင်အသားပေး ရုပ်ရှင်တွေ၊ ရုပ်ပုံတွေကို အလွယ်တကူ ကြည့်ရှုနိုင်ခြင်း၊ အရက်သေစာနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု များပြားလာခြင်းဟာလည်း ပြစ်မှုကျူးလွန်စေဖို့ အဓိကအကြောင်းတစ်ရပ် ဖြစ်နေပါတယ်။

အဲဒီ့အပြင် တရားဥပဒေစိုးမိုးမှု အားနည်းခြင်း၊ ပြစ်မှုဖြစ်ပွားပြီးလျှင်လည်း တရားခံကို ချက်ချင်းဖော်ထုတ်ဖမ်းဆီးနိုင်မှု မရှိခြင်း၊ ရဲများက ပြစ်မှုကျူးလွန်တဲ့သူတွေကို တရားစွဲတင်ပို့တဲ့အခါ အားထုတ်မှုနဲ့သာ စွဲဆိုလေ့ရှိပြီး မြို့နယ်တရားရုံးကိုသာ တင်ပို့ကြတဲ့အတွက် ပြစ်မှုထင်ရှားရင်တောင် မှ မြို့နယ်တရားသူကြီးရဲ့ အထူးအာဏာအရ ကျွန်မတို့ (၇)နှစ်ထက်အပြစ်ဒဏ်ပိုပြီး မချမှတ်နိုင်ပါဘူး။ ပြစ်မှုကျူးလွန်တဲ့သူတွေကို တရားရုံးက ထိရောက်ဟန့်တားတဲ့ အပြစ်ဒဏ်ဖြစ်တဲ့ အမြင့်ဆုံးအပြစ်ဒဏ် မချမှတ်နိုင်ခြင်းကလည်း ပြစ်မှုကျူးလွန်တဲ့သူတွေကို ပိုပြီးတော့ အားပေးသလိုဖြစ်နေပါတယ်။ ပြစ်မှု ဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ မှာ ပြဋ္ဌာန်းထားတဲ့ အမြင့်ဆုံးအပြစ်ဒဏ်ဟာ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်ပြီး အခုပြင်ဆင်ထားတဲ့ဥပဒေအရ ထောင်ဒဏ်နှစ်(၂၀)နဲ့ ညီမျှပါတယ်။ သက်ငယ်မုဒိမ်းမှု ကျူးလွန်တဲ့ တရားခံတွေကို ထိရောက်ဟန့်တားတဲ့ အပြစ်ဒဏ်ပေးနိုင်မှ နောက်ထပ်ပြစ်မှုကျူးလွန်ခြင်းကို ဟန့်တား ခြင်း ပြုနိုင်မှာဖြစ်ပါတယ်။ တရားရုံးများ ညွှန်ကြားလွှာလက်စွဲ၊ ညွှန်ကြားလွှာအမှတ် ၂/၆၆၊ ပြည်သူ့ တရားသူကြီးအဖွဲ့ ညွှန်ကြားချက်အမှတ်(၉)မှာလည်းပဲ ပြစ်မှုနဲ့လျော်ညီတဲ့ ထိရောက်ဟန့်တားတဲ့ ပြစ်ဒဏ်ချမှတ်ရမယ်လို့ ညွှန်ကြားထားပြီးသား ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့ မွန်ပြည်နယ်တစ်ခု တည်းကို လေ့လာသုံးသပ်ချက်အရ ၂၀၁၅ ခုနှစ်မှာ သက်ငယ်မုဒိမ်းမှုပေါင်း (၂၆)မှုဖြစ်ပွားပြီး ၂၀၁၆ ခုနှစ်မှာ အမှုပေါင်း(၃၅)မှုဖြစ်ပွားခဲ့ပါတယ်။ ပြစ်ဒဏ်ချမှတ်ပြီးတဲ့အမှုတွေကို လေ့လာလိုက်တဲ့အခါမှာ အလုပ်နဲ့ ထောင်ဒဏ်(၃)လ၊ အလုပ်နဲ့ ထောင်ဒဏ်(၆)လချမှတ်ထားတဲ့ အမှုတွေကိုလည်း ကျွန်မတို့ တွေ့မြင်ခဲ့ရပါတယ်။ တချို့အမှုတွေမှာတော့ ထောင်ဒဏ်(၃)နှစ်၊ (၄)နှစ်လောက်ပဲ ချမှတ်ထားတာကို အံ့သြဖွယ်ရာ တွေ့ရပါတယ်။

ဒါတွေဟာ တရားသူကြီးတွေ အနေနဲ့ သက်ငယ်မုဒိမ်းမှုတွေမှာ ထိရောက်ဟန့်တားတဲ့ အပြစ်ဒဏ်များ ချမှတ်ရမှာဖြစ်ပါလျက်နဲ့ အပြစ်ဒဏ်တွေကို လျော့ပေါ့စွာချမှတ်နေကြကြောင်း သုံးသပ် တွေ့ရှိရပါတယ်။ ဒါကြောင့်သက်ငယ်မုဒိမ်းမှု ကျူးလွန်ခြင်းကို ဟန့်တားနိုင်ဖို့အတွက် တရားရုံးတွေက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ မှာ ပြဋ္ဌာန်းထားတဲ့ အမြင့်ဆုံးပြစ်ဒဏ်ဖြစ်တဲ့ တစ်သက်တစ်ကျွန်းဒဏ်နဲ့ ညီမျှတဲ့ ထောင်ဒဏ်အနှစ်(၂၀)ကို စီမံချက်နဲ့ ချမှတ်သင့်ပါတယ်။ ဒါမှ အကျူးလွန်ခံရတဲ့ ကလေး သူငယ်တွေရဲ့ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာတွေကို ဖျက်ဆီးတဲ့သူအပေါ်မှာ ပြစ်မှုနဲ့ ပြစ်ဒဏ်မျှတ မှန်ကန်မှု ရရှိနိုင်မှာဖြစ်ပြီးတော့ နစ်နာတဲ့သူတွေ ပြည်သူတွေအဖို့လည်း တရားစီရင်ရေးအပေါ်မှာ ယုံကြည်ကိုးစားမှု ပြန်လည်ရရှိလာနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ မြန်မာနိုင်ငံအတွင်း သက်ငယ်မုဒိမ်းမှုများ တိုးတက်လာခြင်းနဲ့ အပြစ်မဲ့တဲ့ ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံနေရခြင်းမှ အမြန်ဆုံးကာကွယ်နိုင်ရန်အတွက်

ပြစ်မှုကျူးလွန်သူများအပေါ် ထိရောက်ဟန့်တားမှုရှိစေရန်နဲ့ တရားရုံးများက အမြင့်ဆုံးအပြစ်ဒဏ် ဖြစ်သော တစ်သက်တစ်ကျွန်းဒဏ်ဖြစ်သည့် ထောင်ဒဏ်အနှစ်(၂၀) --------- (ညြဘာသံများ)

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၇။**

**ဦးစိုးညွန့် (တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီး ဦးစိုးညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်နွယ်နွယ်အောင် က မြန်မာနိုင်ငံအတွင်းမှာ သက်ငယ်မုဒိမ်းမှုများ တိုးပွားလာခြင်းနဲ့ အပြစ်မဲ့တဲ့ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုခံနေရခြင်းမှ အမြန်ဆုံးကာကွယ်နိုင်ရန်အတွက် ပြစ်မှုကျူးလွန်သူများကို ထိရောက်ဟန့်တားတဲ့ ပြစ်ဒဏ်များ ချမှတ်ပေးနိုင်ရန်အတွက် အစီအမံများပြုလုပ်ထားခြင်း ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အပြစ်မဲ့တဲ့ကလေးသူငယ်များကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်တဲ့ မုဒိမ်းမှုဆိုတာ အလွန်စက်ဆုပ် ရွံရှာဖွယ်ကောင်းပြီးတော့ လူမှုအဖွဲ့အစည်းကို အကျည်းတန်အရုပ်ဆိုးစေတဲ့ ရာဇဝတ်မှုဖြစ်ပါတယ်။ ကျူးလွန်ခံရသူများရဲ့ ရင်နင့်ဖွယ်ရာဖြစ်ရပ်များကို ကြားသိရတဲ့ ပြည်သူများဟာလည်း စိတ်မချမ်းသာဖြစ်ရမယ်ဆိုတာ အမှန်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် သက်ငယ်မုဒိမ်းမှုများ တိုးတက်လာခြင်းနဲ့ အပြစ်မဲ့တဲ့ ကလေးသူငယ်များ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်းမှ အမြန်ဆုံးကာကွယ်နိုင်ရန်အတွက် ပြစ်မှုကျူးလွန်သူများအပေါ်မှာ ကျူးလွန်တဲ့ ပြစ်မှုအတိုင်းအတာအလျောက် ထိရောက်တဲ့ ပြစ်ဒဏ်များ ချမှတ်နိုင်ရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း ပဏာမအားဖြင့် ရှင်းလင်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅ ခုနှစ်အတွင်းမှာ စွဲဆိုတဲ့ ကလေးသူငယ်များအပေါ်မှာ ကျူးလွန်တဲ့ မုဒိမ်းမှုများနဲ့ပတ်သက်ပြီးတော့ ပြစ်မှုထင်ရှားစီရင်ခဲ့တဲ့ အမှုပေါင်းက (၆၇၁)မှုရှိတဲ့အနက်မှာ ပြစ်ဒဏ်လုံလောက်စွာချနိုင်တဲ့ ခရိုင်တရားရုံးကနေပြီး စစ်ဆေးစီရင်ခဲ့တဲ့ အမှုပေါင်းက(၅၈၆)မှု ရှိခဲ့ပါတယ်။ အဲဒီအမှုများအနက်မှာ တစ်သက်တစ်ကျွန်းဒဏ် ချမှတ်တဲ့အမှုက(၃၆)မှု၊ ထောင်ဒဏ်(၁၀)နှစ်အထိက အမှုပေါင်း(၂၄၀)၊ ထောင်ဒဏ်(၉)နှစ်က (၂၅)မှု၊ ထောင်ဒဏ်(၈)နှစ်က (၉၄)မှုနဲ့ ထောင်ဒဏ်(၇)နှစ်က (၁၁၈)မှု၊ ထောင်ဒဏ်(၇)နှစ်အောက် ချမှတ်တဲ့အမှုကတော့ (၇၁)မှု ရှိကြောင်းနဲ့ လူသတ်မှုနဲ့

တွဲဖက်ကျူးလွန်တဲ့ မုဒိမ်းမှု(၂)မှုကိုတော့ သေဒဏ်အမိန့်များချမှတ်ခဲ့ကြောင်း စာရင်းဇယားများအရ သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထောင်ဒဏ်(၇)နှစ်အောက် ချမှတ်တဲ့ အမှုများရှိခဲ့ရခြင်းမှာ ခုန ကိုယ်စားလှယ်တော်ကြီး ပြောကြားသွားတဲ့အတိုင်းပဲ အမှုစစ်ဆေးတဲ့ တရားသူကြီးမှာ ပြစ်ဒဏ်စီရင်နိုင်တဲ့ အာဏာနည်းပါးနေပြီ ဖြစ်ပါတယ်။ သာမန်အားဖြင့်တော့ တရားစွဲတဲ့ အဖွဲ့အစည်းက ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၇၆ အရ ကျူးလွန်တဲ့ မုဒိမ်းမှုများကို မြို့နယ်တရားရုံးများကိုသာ တင်ပို့တရားစွဲဆိုကြပါတယ်။ မြို့နယ်တရားရုံးများမှာလည်း အထူးရာဇဝတ်အာဏာရ တရားသူကြီးကပဲ ထောင်ဒဏ်(၇)နှစ်အထိ ပြစ်ဒဏ်များကို ချမှတ်နိုင်ပါတယ်။ အထူးရာဇဝတ်အာဏာမရရှိတဲ့ တရားသူကြီးကတော့ (၇)နှစ်အထိ ပြစ်ဒဏ်များချမှတ်နိုင်ခြင်း မရှိပါဘူး။ အချို့သော တရားစွဲ အဖွဲ့အစည်းများကတော့ ခရိုင်တရားရုံးများကို ဒီလို မုဒိမ်းမှုများကို တရားစွဲတင်တာတွေ့ရပါတယ်။ အဲဒီတော့ ဒီလိုတရားရုံးများအနေနဲ့ကတော့ ထိထိရောက်ရောက် ဟန့်တားနိုင်တဲ့ ပြစ်ဒဏ်များချမှတ်နိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကိစ္စနဲ့ပတ်သက်လို့ကတော့ မြန်မာနိုင်ငံတော်တရားရုံးချုပ်က ၂၀၁၅ ခုနှစ်ကတည်းက ထိရောက်ဟန့်တားနိုင်တဲ့ ပြစ်ဒဏ်များချမှတ်နိုင်ဖို့ဆိုပြီးတော့ ညွှန်ကြားထားခဲ့တာ ရှိပါတယ်။ အဲဒီမှာဆိုလို့ရှိရင် အဲဒီညွှန်ကြားချက်မှာ အမျိုးသမီးများ၊ အရွယ်မရောက်သေးသော မိန်းကလေးများ၊ ကျောင်းသူလေးများ အဓမ္မပြုကျင့်ခံရခြင်းနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာ တရားစွဲတဲ့အဖွဲ့အစည်းက နေပြီးတော့ တရားရုံးသို့ စွဲတင်ဖို့လာလို့ရှိရင် အမှုမှန်ပေါ်ပေါက်ရေးကို ရှေးရှုပြီးတော့ ဒီအမှုတွေကို သက်ဆိုင်ရာတရားရုံးက ဥပဒေ၊ လုပ်ထုံးလုပ်နည်းနဲ့အညီ စစ်ဆေးသွားရန်နဲ့ ပြစ်မှုထင်ရှားကြောင်း ပေါ်ပေါက်လို့ရှိရင် တရားခံပေါ်မှာ ထိရောက်တဲ့ပြစ်ဒဏ်များ ချမှတ်နိုင်ရန် ပြည်နယ်/တိုင်း/ခရိုင်နဲ့ မြို့နယ်တရားရုံးများကို ညွှန်ကြားခဲ့ပြီးဖြစ်ပါတယ်။

သို့သော်လည်းပဲ ကိုယ်စားလှယ်ကြီး ပြောကြားသွားတဲ့အတိုင်းပဲ ယခုအခါမှာ ယခုလက်ရှိ အခြေအနေမှာတော့ သက်ငယ်မုဒိမ်းမှု ကျူးလွန်တဲ့အမှုများဟာ တိုးပွားလာတာကို တွေ့ရတဲ့အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဒီနှစ်အတွင်းမှာပဲ၊ ဒီလအတွင်းမှာပဲ ၉-၁-၂၀၁၇ ရက်နေ့က စာအမှတ်၊ ၁၂၁/၂-ပတခ-၆၃/၂၀၁၇ နဲ့ လက်အောက်ခံ တရားရုံးများကို ညွှန်ကြားထားပြီးဖြစ်ပါတယ်။ အဲဒီမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ ညွှန်ကြားချက်မှာတော့ ယခုအခါမှာ အရွယ်မရောက်တဲ့ ကလေးသူငယ်များအပေါ်မှာ ကျူးလွန်တဲ့ အဓမ္မပြုကျင့်မှုများအား တစ်နေ့တခြား ပိုမိုများပြားလာတဲ့အတွက် တရားခံပေါ်မှာ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားတွေ့ရှိလို့ရှိရင် အလားတူပြစ်မှုမျိုးကို ထပ်မံမကျူးလွန်စေရန်အတွက် ထိရောက်ဟန့်တားတဲ့ ကြီးလေးတဲ့ပြစ်ဒဏ်များ ချမှတ်ရန် လိုအပ်လာကြောင်း၊ သို့ဖြစ်၍ အရွယ်မရောက်သေးတဲ့ ကလေးသူငယ်များပေါ်မှာ အဓမ္မပြုကျင့်တဲ့ ကျူးလွန်တဲ့တရားခံများကို ခရိုင်တရားရုံးများကိုပဲ တရားစွဲတင်ပို့ကြရန်နဲ့ တရားရုံးများက တရားခံအပေါ်မှာ သက်သေခံချက်များအရ ပြစ်မှုထင်ရှား ကျူးလွန်ကြောင်းတွေ့ရှိရလို့ရှိရင် ပြစ်မှုအတိုင်းအတာအလျောက် ဥပဒေမှာသတ်မှတ်ထားတဲ့၊ ထိရောက်ဟန့်တားတဲ့ ကြီးလေးသောပြစ်ဒဏ်များကို ချမှတ်ရန်ဖြစ်ကြောင်းဆိုပြီး ညွှန်ကြားခဲ့ပါတယ်။

ထို့အပြင်လည်း မြို့နယ်တရားရုံးများမှာ လက်ရှိ စစ်ဆေးစီရင်နေဆဲဖြစ်တဲ့ အရွယ်မရောက်သေးတဲ့ကလေးသူငယ်များအပေါ်မှာ ကျူးလွန်နေတဲ့အမှုများကိုလည်း သက်ဆိုင်ရာ ခရိုင်တရားရုံးများသို့ လွှဲပြောင်းပေးပို့ကြပါရန်နဲ့ ခရိုင်တရားရုံးများကလည်း အထက်အပိုဒ် ၃ ပါ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်သွားကြရန် ထပ်လောင်းညွှန်ကြားထားပါသည်လို့ဖော်ပြထားပါတယ်။ ဒါကြောင့် ယခုအခါမှာဆိုရင် သက်ငယ်မုဒိမ်းမှုများကို ခရိုင်တရားရုံးများ စီရင်ပိုင်ခွင့်အာဏာအပြည့်အဝရှိတဲ့ ခရိုင်တရားရုံးများကသာ စစ်ဆေးစီရင်တော့မှာဖြစ်တဲ့အတွက် ထိရောက်ဟန့်တားလောက်တဲ့ ပြစ်ဒဏ်များကို ချမှတ်နိုင်ပြီဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ထို့အပြင် ဒီညွှန်ကြားချက်မှာ ယင်းကဲ့သို့သောအမှုများကို တရားရုံးသို့ တရားစွဲဆိုတင်ပို့လာပါက အမှုဖြစ်စဉ်အကျဉ်း၊ တရားခံအမည်နဲ့အသက်၊ ပြစ်မှုကျူးလွန်ခံရသူရဲ့ အမည်နဲ့ အသက်၊ အပြီးသတ်ဆုံးဖြတ်ချက်၊ ဆုံးဖြတ်သည့်ရက်စွဲတို့ကိုဖော်ပြပြီးတော့ ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံး၊ ပြစ်မှုတရားစီရင်ရေးဌာနသို့ စီရင်ချက်မိတ္တူနဲ့အတူ ဆောလျင်စွာအစီရင်ခံကြရန် ညွှန်ကြားထားပြီးဖြစ်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သက်ငယ်မုဒိမ်းမှုကျူးလွန်သူများနဲ့ ပတ်သက်ပြီးတော့ မျက်ခြည်မပြတ် ကြီးကြပ်ကွပ်ကဲလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ ထောင်ဒဏ် အနှစ်(၂၀) ချမှတ်ရမယ့်အမှုတွေကို (၃)လ၊ (၆)လ၊ (၃)နှစ်စသဖြင့် အမိန့်ချမှတ်ခဲ့တဲ့ပြစ်မှုတွေမှာ နစ်နာသူတွေအတွက် တရားရုံးများက ဘယ်လိုကုစားပေးဖို့အစီအစဉ်ရှိကြောင်းနဲ့ အဲဒီလို ညွှန်ကြားချက်နဲ့အညီ ဥပဒေမှာသတ်မှတ်ထားတဲ့ ပြစ်ဒဏ်အတိုင်း စီရင်ဆုံးဖြတ်ခဲ့ခြင်းမရှိတဲ့ တရားသူကြီးတွေပေါ်မှာ တရားလွှတ်တော်ချုပ်က မည်ကဲ့သို့ ထိန်းကျောင်း ဆောင်ရွက်သွားရန် စီစဉ်ထားသလဲဆိုတာကိုလည်း ရှင်းလင်းစွာ သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်ရှင်။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်အတွင်းမှာ သက်ငယ်မုဒိမ်းမှုများနဲ့ပတ်သက်ပြီးတော့ ထောင်ဒဏ် (၃)လ၊ (၄)လ ချမှတ်တဲ့ အမှုများရှိကြောင်းကတော့ ယခုတင်ပြချက်အရပဲသိရှိရပါတယ်။ ဒါကြောင့်ကျွန်တော်တို့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်အနေနဲ့ကတော့ ဒီကိစ္စနဲ့ပတ်သက်ပြီးကတော့ သက်ဆိုင်ရာ တရားရုံးများကို ပြန်လည်မေးမြန်းသွားပြီးတော့ လိုအပ်သလို စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား

**ချင်းရွှေဟော်မြို့ကို မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံနယ်စပ် အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက်အဖြစ် သတ်မှတ်ပြီး ကမ္ဘာလှည့်ခရီးသည်နှင့် ဘုရားဖူးများ ဝင်/ထွက်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင် က ချင်းရွှေဟော်မြို့ကို မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံနယ်စပ် အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက်အဖြစ်

သတ်မှတ်ပြီး ကမ္ဘာလှည့်ခရီးသည်နှင့် ဘုရားဖူးများ ဝင်/ထွက်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဝန်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် ဖြစ်ပါတယ်။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းရွှေဟော်မြို့သည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံနယ်စပ် အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက်အဖြစ် သတ်မှတ်ပြီး ကမ္ဘာလှည့်ခရီးသည်နှင့် ဘုရားဖူး ဝင်/ထွက် ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ချင်းရွှေဟော်မြို့သည် မြန်မာနိုင်ငံ၏ အရှေ့မြောက်ဘက်တွင်တည်ရှိပြီး မြန်မာနိုင်ငံ၏အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက်အဖြစ် သတ်မှတ်ပြီး ကုန်သွယ်ရောင်းဝယ်ဖောက်ကားသော ဝင်/ထွက်ပေါက် တစ်ခုဖြစ်ပါတယ်။ ချင်းရွှေဟော်မြို့မှ ကွမ်းလုံမြို့၊ ဟိုပန်မြို့ထိသာ လူသွားလာခွင့် ပြုပါတယ်။

အဘယ်ကြောင့် ချင်းရွှေဟော်မြို့သည် မူဆယ်မြို့ကဲ့သို့ ခရီးသွားလာရေးနှင့် ဘုရားဖူးများ ခွင့်ပြုမိန့် မပေးပါသနည်း။ အပြည်ပြည်ဆိုင်ရာခရီးသွားလာရေးနှင့် ဘုရားဖူးချင်သူများ ဝင်/ထွက် သွားလာနိုင်ရန်အတွက် ခရီးသွားလာရေးနှင့် ဟိုတယ်ခွင့်ပြုမိန့် မပေးပါသနည်း။ ခရီးသွားလာရေးနှင့် ဟိုတယ်မှ ခွင့်ပြုမိန့် ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ မေးခွန်း သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံး မင်္ဂလာပါ။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၉။**

**ဦးအုန်းမောင် (ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဒီကနေ့အစည်းအဝေးတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် မေးမြန်းထားသည့် ချင်းရွှေဟော်မြို့ကို မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံနယ်စပ် အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်အဖြစ် သတ်မှတ်ပြီး ကမ္ဘာလှည့်ခရီးသည်နှင့် ဘုရားဖူးများ ဝင်/ထွက်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြ မေးခွန်းကို အလုပ်

သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပြန်ကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိက ခရီးသွားကုမ္ပဏီများမှ တင်ပြလာသည့် နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော် အထူးအစီအစဉ်များ၊ နယ်စပ်ဖြတ်ကျော်ယာဉ်တန်းခရီးစဉ်များ၊ Package Tour များအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်များမှ ဝင်ရောက်လည်ပတ်ခွင့်ရရှိရေး၊ ပြန်လည်ထွက်ခွာခွင့်ရရှိရေးတို့အား အထက်ဌာနသို့ ခွင့်ပြုချက် တင်ပြတောင်းခံဆောင်ရွက်ပေးလျက်ရှိပြီး ခွင့်ပြုမိန့်ရရှိပါက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ဆက်လက်အကြောင်းကြား၍ ဝင်/ထွက်ခွင့် ရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားသော ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ချင်းရွှေဟော်မြို့ကို မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နယ်စပ်အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်အဖြစ် သတ်မှတ်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ဖြေကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ၂၅-၃-၁၉၉၇ ရက်နေ့တွင် ချုပ်ဆိုခဲ့သော မြန်မာ-တရုတ်နယ်စပ်ဒေသစီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်အရ မြန်မာ-တရုတ် နယ်စပ်တွင် ချင်းရွှေဟော်-မိန်တိန်းနယ်စပ် ဝင်/ထွက်ပေါက် အပါအဝင် နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်(၈)ခု ဖွင့်လှစ်ထားရှိကြောင်း အထက်ပါ မြန်မာ-တရုတ်နယ်စပ် ဝင်ပေါက်၊ ထွက်ပေါက်များတွင် မြန်မာ-တရုတ်နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်ပါအချက်များနှင့်အညီ ရေးဆွဲသတ်မှတ်ခဲ့သော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းများအရ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် Border Pass (BP) နှင့် ယာယီနယ်စပ် ဖြတ်သန်းခွင့်လက်မှတ် Temporary Border Pass (TBP) တို့ဖြင့် နှစ်နိုင်ငံသားများအား ဝင်ခွင့်၊ ထွက်ခွင့် ပြုပေးလျက်ရှိကြောင်း၊ နှစ်နိုင်ငံနယ်စပ် ထိစပ်နေသော နယ်စပ်ဒေသခရိုင်အတွင်းတွင် ဝင်/ထွက်ခွင့် ခွင့်ပြုထားကြောင်း သိရှိရပါတယ်။

တတိယနိုင်ငံသားများအနေဖြင့် Passport/VISA ဖြင့် ဝင်ရောက်လိုပါက သက်ဆိုင်ရာဝန်ကြီးဌာနသို့တင်ပြပြီး သက်ဆိုင်ရာဝန်ကြီးဌာနမှ နိုင်ငံတော်သမ္မတရုံးသို့တင်ပြ၍ ခွင့်ပြုချက်တောင်းခံဆောင်ရွက်ရပါကြောင်း၊ ခွင့်ပြုချက်ရရှိပါက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုဒေသများသို့ ဝင်/ထွက်ခွင့်ပြုပေးလျက်ရှိကြောင်းသိရပါတယ်။ ၎င်းအပြင် နှစ်နိုင်ငံနယ်စပ် ဝင်ပေါက်၊ ထွက်ပေါက်များအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်အဖြစ် တိုးချဲ့ဖွင့်လှစ်ရာတွင် (က) နှစ်နိုင်ငံအကြား တိကျသောနယ်နိမိတ်မျဉ်း သတ်မှတ်ချက်ရှိခြင်း၊ (ခ) နယ်မြေဒေသအလိုက် လုံခြုံရေးအာမခံချက်ရှိခြင်း၊ (ဂ) ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း စသည့်အခြေခံ လိုအပ်ချက်များ ပြည့်စုံရမည်ဖြစ်ကြောင်း၊ ထို့အပြင် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနအချင်းချင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် (က) ဒေသအတွင်းလမ်းပန်းဆက်သွယ်မှု လုံခြုံကောင်းမွန်စေရေး၊ (ခ) ခရီးသွားဧည့်သည်များအတွက် စနစ်တကျသယ်ယူပို့ဆောင်ရေးစနစ် စီမံပေးရေး၊ (ဂ) တရားဝင်

နိုင်ငံခြားငွေလဲလှယ်ကောင်တာများ ဖွင့်လှစ်ပေးရေး၊ (ဃ) ပြည်ပနိုင်ငံများသို့ ခေါ်ဆိုနိုင်သောဖုန်းများ စီမံဆောင်ရွက်ထားရှိရေး၊ (င) နိုင်ငံခြားသားများလုံခြုံရေးအတွက် သက်ဆိုင်ရာ တပ်ရင်း/တပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ငြိမ်းချမ်းရေးရယူထားသောအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရေး စသည်တို့အား ကြိုတင် ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ဖြေကြားထားရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဖြေကြားချက်အရ အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက် ဖွင့်လှစ်ရာမှာ နိုင်ငံတော်အဆင့် ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ရမည့်ကိစ္စရပ်များဖြစ်ခြင်း၊ နိုင်ငံတော်အစိုးရ၏ မူဝါဒချမှတ်ပေးမှုအပေါ် မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည့်ကိစ္စဖြစ်ခြင်း၊ ကျင့်သုံးလျက်ရှိသောနိုင်ငံခြားရေး မူဝါဒနဲ့အညီ နယ်စပ်ဒေသဆိုင်ရာ အာဏာပိုင်များညှိနှိုင်းဆွေးနွေးရေး၊ နှစ်နိုင်ငံသံတမန်လမ်းကြောင်း အရ အပြန်အလှန်ဆက်သွယ်ရေး၊ အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်ခြင်းတို့ကြောင့် ချင်းရွှေဟော် စစ်ဆေးရေးဂိတ်အား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်အဖြစ် တိုးမြှင့်သတ်မှတ်ရန် အစီအစဉ် မရှိသေးကြောင်း သိရှိရပါတယ်။

ဂင်းအပြင် ယခုလက်ရှိ မူဆယ်ခရိုင်အတွင်း ဖြစ်ပေါ်နေသော လုံခြုံရေးအခြေအနေများ အရ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားသော ချင်းရွှေဟော်စစ်ဆေးရေးဂိတ်အား အပြည်ပြည် ဆိုင်ရာ ဝင်/ထွက်ပေါက်အဖြစ် တိုးမြှင့်သတ်မှတ်ရန် အစီအစဉ်မရှိသေးကြောင်း အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ထပ်လောင်း ဖြေကြားထားရှိပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားသော ချင်းရွှေဟော်မြို့သည် အပြည်ပြည်ဆိုင်ရာ တရားဝင် ဝင်ပေါက်၊ ထွက်ပေါက်အဖြစ် သတ်မှတ်ထားခြင်း မရှိသေးပါသောကြောင့်လည်းကောင်း၊ လုံခြုံရေး အခြေအနေများအရလည်းကောင်း မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံနယ်စပ် အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်အဖြစ်သတ်မှတ်ပြီး ကမ္ဘာလှည့်ခရီးသည်များနှင့် ဘုရားဖူးများ ဝင်/ထွက်ခွင့်ပြုရန် စီစဉ် ဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းမယ့် မေးခွန်းများသည် ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယ ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရှမ်းပြည်နယ်၊ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် အနောက်ကင်းကျေးရွာအုပ်စု၊ ပန်စရီအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် (၉၀x၃၀x၁၂)ပေ အုတ်ညှပ်တစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမိုင်းအုဏ်းခိုင် က ရှမ်းပြည်နယ်၊ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် အနောက်ကင်းကျေးရွာအုပ်စု၊ ပန်စရီအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် (၉၀x၃၀x၁၂)ပေ အုတ်ညှပ်တစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်သော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမိုင်းအုဏ်းခိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်၊ အနောက်ကင်းကျေးရွာအုပ်စု၊ ပန်စရီ အထက်တန်းကျောင်း(ခွဲ)နှင့်ပတ်သက်တဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်၊ အနောက်ကင်းကျေးရွာအုပ်စု၊ ပန်စရီအထက်တန်းကျောင်း(ခွဲ)မှာဆိုရင် ကျောင်းသူ၊ ကျောင်းသား(၄၀၁)ဦး ပညာသင်ကြားလျက်ရှိပြီး တန်းခွဲ(၁၂)ခုရှိပါတယ်။ အဆိုပါကျောင်းမှာ တန်းခွဲ(၁၂)ခုအတွက် စာသင်ဆောင်(၃)ဆောင်၊ စုစုပေါင်းစာသင်ခန်း(၁၁)ခန်းပဲရှိပါတယ်။ လက်ရှိမှာတင်ပဲ သင်ကြားမှုအခန်း လုံလောက်မှုမရှိတာကို တွေ့ရှိရတဲ့အပြင် အထက်တန်းကျောင်း(ခွဲ)အဆင့်နဲ့ ညီညွတ်တဲ့သင်ကြားမှု၊ သင်ယူမှုအခန်း၊ စာကြည့်တိုက်၊ ဆရာ၊ ဆရာမများနားနေခန်းနှင့် လက်တွေ့သိပ္ပံခန်း၊ အိမ်တွင်းမှုအခန်းများ လုံလောက်မှု မရှိတာကို တွေ့ရှိရပါတယ်။ နှစ်စဉ်ကျောင်းသားဦးရေများ တိုးတက်လာတာဖြစ်တဲ့အတွက် အမှန်တကယ်ပဲ ကျောင်းဆောင်သစ်လိုအပ်တာကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်၊ အနောက်ကင်းကျေးရွာအုပ်စု၊ ပန်စရီကျေးရွာ၊ ပန်စရီအထက်တန်း ကျောင်း(ခွဲ)အတွက် (၉၀x၃၀x၁၂)ပေ စာသင်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်း ရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်းတွင် အကြီးစား ပြုပြင်မွမ်းမံရန်အတွက် ၂၀၁၇ -၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေချပေးရန်နှင့် RC(၂)ထပ် တိုးချဲ့ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်းတွင် အကြီးစား ပြုပြင်မွမ်းမံရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေချထားပေးရန်နှင့် RC(၂)ထပ် တိုးချဲ့ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များ အားလုံးကို ကျန်းကျန်းမာမာနဲ့တွေ့ဆုံရတဲ့အတွက် ဝမ်းသာကြည်နူးမိပါတယ်။ ကိုယ်စားလှယ်တော်များအားလုံးကိုလည်း သာလီစွပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးလည်း လွှတ်တော်နားတိုင်း ကျွန်တော်တို့ကို ပြည်သူများရဲ့အကျိုးကို ထမ်းဆောင်ရွက်ဖို့ မှာကြားလေ့ရှိပါတယ်။ ကျွန်တော့်အနေနဲ့လည်း ကိုယ့်မဲဆန္ဒနယ် ရောက်တဲ့အချိန်မှာ ပြည်သူများနဲ့တွေ့ဆုံနိုင်ရန်အတွက် အမြဲတမ်းကြိုးစားခဲ့ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်မှာ ကျေးရွာပေါင်း(၂၀၀)ကျော်ရှိပါတယ်။ ပြည်သူများနဲ့တွေ့ဆုံတိုင်း ကျွန်တော်တို့ကို မေးမြန်းလေ့ရှိတဲ့ မေးခွန်း၊ ကျွန်တော်တို့ကို တင်ပြတဲ့မေးခွန်းတွေက ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးကိစ္စတွေပဲ ဖြစ်ပါတယ်။ အဲဒီအထဲကမှ ပညာရေးနဲ့ပတ်သက်တဲ့ မေးခွန်းတစ်ခုကို ကြယ်ပွင့်ပြ မေးခွန်းအနေနဲ့ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကျောက်တော်မြို့နယ်မှာ အထက်တန်းကျောင်းအနေနှင့် (၆)ကျောင်း၊ အထက်တန်းကျောင်း(ခွဲ)က (၈)ကျောင်း၊ အလယ်တန်းအဆင့် (၂)ကျောင်းနဲ့ အ-လ-က(ခွဲ) (၂၄)ကျောင်း၊ မူလွန်(၅၄)ကျောင်း၊ အ-မ-က (၁၂၃)ကျောင်းနဲ့ အ-မ-က(ခွဲ)ကျောင်းအနေနဲ့ (၃၇)ကျောင်း ရှိပါတယ်။ အဲဒီအထဲမှာ အခြေခံပညာ အထက်တန်းကျောင်းဟာ ကျောက်တော်မြို့ ကျွန်တော်တို့မြို့ပေါ်ရဲ့ အဓိကကျောင်းတစ်ကျောင်း ဖြစ်နေပါတယ်။ အဆိုပါကျောင်းရဲ့ ပင်မဆောင်ကြီးမှာ ပြည်တော်သာခေတ်ကတည်းက ၁၉၅၀-၁၉၇၀ ခုနှစ်အတွင်းမှာ ၁၉၆၅-၁၉၆၆ ခုနှစ်ကတည်းက ဆောက်လုပ်ခဲ့တဲ့ သက်တမ်းရင့် ကျောင်းဆောင်ကြီး တစ်ဆောင် ဖြစ်နေပါတယ်။ အဲဒီကျောင်းမှာ ကျွန်တော်ကိုယ်တိုင် (၁၀)တန်း အောင်မြင်ခဲ့တဲ့ ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။

အခုအချိန်မှာ ကျောင်းဆောင်ကြီးမှာ ဟောင်းနွမ်းလာပြီဖြစ်တဲ့အတွက် ဥပမိရုပ်လည်း မကောင်းတော့ပါ။ အမိုးများဟာ ယခင်က မိုးထားခဲ့တဲ့ကျောက်ပြားအတိုင်းပဲ ရှိနေပါသေးတယ်။ အဲဒီ

ကျောက်ပြားများမှာ ကွဲအက်လာပြီး မိုးရွာလာပါက မိုးယိုမှုများရှိပြီး ပညာသင်ကြားရေးတောင် အဆင်မပြေတဲ့အခြေအနေ ရှိနေပါတယ်။ တချို့အုတ်နံရံများမှာလည်း နှစ်ကာလကြာလာသည်နှင့်အမျှ ကွဲအက်လာပြီး အခင်းအပြင်များ၊ တံခါးပေါက်များ၊ ပြတင်းပေါက်များ၊ မျက်နှာကြက်များ၊ လက်ရန်း ဝရန်တာများမှာလည်း ဆွေးမြည့်ပြီး မြင်မကောင်းတော့ပါ။ ကျွန်တော်ကိုယ်တိုင် သွားရောက်ကြည့်ရှု ပြီး ဓာတ်ပုံများနဲ့တကွ တင်ပြထားခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းသားဦးရေမှာလည်း နှစ်ထောင်နီးပါးခန့်ရှိပြီး အထက်တန်းအဆင့်(၇၇၆)ဦး၊ အလယ်တန်းအဆင့်က(၈၇၂)ဦး၊ မူလတန်းအဆင့်က(၂၉၀)ဦးရှိကြောင်း သိရပါတယ်။ ပင်မစာသင်ဆောင်မှာ၊ လက်ရှိစာသင်ခန်းများမှာ (၃၃)ခန်းပဲရှိပြီး လိုအပ်ချက်မှာတော့ (၄၂)ခန်းလိုအပ်ကြောင်း သိရှိရပါတယ်။ ကျောင်းသားနဲ့ စာသင်ခန်းမှာလည်း လုံလောက်မှုမရှိတော့ပါ။ အဲဒါကြောင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ (၁) ကျောက်တော်မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းအား အကြီးစားပြုပြင်မွမ်းမံရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေချပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ၊ မေးခွန်း(၂) ကျောက်တော်မြို့ ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းတွင် စာသင်ဆောင်အသစ် နှစ်ထပ် RC တိုးချဲ့အဆောက်အဦ တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (ဩဘာသံများ)

**စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ စော်ဘွား(၁)ရပ်ကွက်အတွင်းရှိ အမှတ်(၂)အခြေခံပညာ အထက်တန်း ကျောင်းမှ မူလတန်းအဆင့်ကို သီးသန့်ခွဲထုတ်၍ မူလတန်းကျောင်းဆောင် ဆောက်လုပ်ရန်အတွက် ကုန်သွယ်လယ်ယာဝင်းမြေနေရာကို သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ် က စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ စော်ဘွား (၁)ရပ်ကွက်အတွင်းရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မူလတန်းအဆင့်ကို သီးသန့်ခွဲထုတ်၍ မူလတန်းကျောင်းဆောင် ဆောက်လုပ်ရန်အတွက် ကုန်သွယ်လယ်ယာဝင်း မြေနေရာကို သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်တစ်ရပ်လုံး အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ စော်ဘွား(၁)ရပ်ကွက်အတွင်းမှာရှိတဲ့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မူလတန်းအဆင့်ကို သီးသန့်ခွဲထုတ်ပြီး မူလတန်းကျောင်းဆောင် ဆောက်လုပ်ရန် မြေနေရာသတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ပတ်သက်တဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၊ စော်ဘွား(၁)ရပ်ကွက်အတွင်းမှာရှိတဲ့ အ-ထ-က (၂)ကို ၄-၁၁-၁၉၇၇ ခုနှစ်မှာ အမှတ်(၃)အခြေခံပညာမူလတန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၁-၈-၁၉၉၅

ခုနှစ်မှာ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် လည်းကောင်း၊ ၁၀-၄-၂၀၁၀ ခုနှစ်မှာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ်လည်းကောင်း၊ ၉-၅-၂၀၁၄ ခုနှစ်မှာ အခြေခံပညာအထက်တန်းကျောင်းအဖြစ်လည်းကောင်း အဆင့်ဆင့်တိုးမြှင့်သတ်မှတ်ခဲ့ပါတယ်။

ယခုအခါ အ-ထ-က(၂)မှာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသူ ကျောင်းသားပေါင်း (၂၄၄၇)ဦးကို လက်ခံသင်ကြားပေးနေရပါတယ်။ စစ်တောင်း၊ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်နှင့် RC(၃)ထပ်ဆောင်စတဲ့ ကျောင်းဆောင်(၅)ဆောင်မှာ ကျောင်းသူ၊ ကျောင်းသားများ ညှပ်သိပ်စွာ ပညာသင်ကြားနေကြရပါတယ်။ (၉)တန်း၊ (၁၀)တန်း၊ အထက်တန်းအဆင့်တွေရဲ့ စာသင်ခန်း(၁)ခန်းမှာ ကျောင်းသူ၊ ကျောင်းသားပေါင်း(၇၀)ကနေ (၉၀)အထိ အဆမတန် လက်ခံသင်ကြားပေးနေရပြီး မူလတန်းအဆင့်တွေမှာ ပေ(၃၀)အရှည် စာသင်ခန်း(၁)ခန်းကို အလယ်ကနေ သုံးထပ်သားနဲ့ကာရံပြီး စာသင်ခန်း(၂)ခန်းအဖြစ်ဖန်တီးကာ ဆူညံစွာ သင်အံလေ့ကျက်နေကြရပါတယ်။ ၎င်းအခြေအနေက ကျောင်းသူ၊ ကျောင်းသားတွေရဲ့ လေ့လာမှတ်သားနိုင်စွမ်းကို အနှောင့်အယှက်ပြုနေပါတယ်။ ဤသို့ မသင်ကြားပါကလည်း တစ်နေ့နှစ်သုတ်ခွဲပြီး တက်ရောက်သင်ကြားရမယ့် အခြေအနေရှိနေပါတယ်။ ကျောင်းဝန်းဧရိယာ(၁.၉၅)ဧကအတွင်း အဆောက်အဦများ နောက်ထပ်တိုးချဲ့ဆောက်လုပ်ရန် မြေနေရာလည်း မရှိတော့ပါဘူး။ အထက်ဖော်ပြပါအခြေအနေကို သိရှိထားကြသော ဒေသအာဏာပိုင်များက ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ရေးဆွဲအတည်ပြုခဲ့သော တမူးမြို့၊ မြို့ပြဖွံ့ဖြိုးမှုစီမံကိန်း (Town Plan)အရ အ-ထ-က(၂)မှ မူလတန်းအဆင့်ကို သီးသန့်ခွဲထုတ်ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနပိုင် ကုန်သွယ်လယ်ယာဝင်း (၁.၅၆)ဧကပေါ်မှာ မူလတန်းကျောင်းဆောင်ဆောက်လုပ်ရန် အဆိုပြုလျာထားခဲ့ပါတယ်။

သို့ပါသောကြောင့် တမူးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း အ-ထ-က (၂)မှ မူလတန်းအဆင့်ကို သီးသန့်ခွဲထုတ်ပြီး မူလတန်းကျောင်းဆောင် ဆောက်လုပ်ရန် အထက်ဖော်ပြပါ ကုန်သွယ်လယ်ယာဝင်းအား ခွင့်ပြုသတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ မီးဇာကျေးရွာရှိ ဥပဓိရုပ်ကောင်းမွန်မှုမရှိသည့် အခြေခံပညာအထက်တန်းကျောင်း နှင့် ပေါင်းမိုဝကျေးရွာရှိ ဟောင်းနွမ်းနေသော ကိုယ်ထူကိုယ်ထ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့ကို ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်မှ ဘတ်ဂျက်လျာထား၍ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ**။　။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေးတင်း က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ မီးဇာကျေးရွာရှိ ဥပဓိရုပ်ကောင်းမွန်မှုမရှိသည့် အခြေခံပညာအထက်တန်းကျောင်းနှင့် ပေါင်းမိုဝကျေးရွာရှိ ဟောင်းနွမ်းနေသော ကိုယ်ထူကိုယ်ထ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်မှ ဘတ်ဂျက်လျာထား၍ ဆောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၆။**

**ဦးဝေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၁၁) မဲဆန္ဒနယ်မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဝေ့တင်း ဖြစ်ပါတယ်။ ဓာတ်ပုံ Power Point အသုံးပြုခွင့်ပေးပါရန် လည်း တောင်းဆိုအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၏ တောင်ပိုင်းအစွန်ဆုံးမြို့ဖြစ်သော မိမိတို့ ပလက်ဝမြို့နယ်သည် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အစစအရာရာ ဖွံ့ဖြိုးနိမ့်ကျသော မြို့နယ်တစ်ခုဖြစ်ပါတယ်။ ယခု ကျွန်တော်တင်ပြထားသော ကျောင်းအဆောက်အဦများသည် အမှန်တကယ် မြေပြင်လက်တွေ့ကွင်းဆင်းစစ်ဆေးပြီးဖြစ်သည့်အားလျော်စွာ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးအနေဖြင့် ဆောင်ရွက်ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု ယုံကြည်အားကိုးမိပါသည်။ အကျိုးအကြောင်းဖော်ပြချက်များမှာ ပလက်ဝမြို့နယ် မီးဇာကျေးရွာ အ-ထ-ကကျောင်းကို လွန်ခဲ့သော ၁၉၇၀ ခုနှစ်ခန့်က တည်ဆောက်ထားပြီး နှစ်အားဖြင့် (၄၆)နှစ်ခန့်ရှိပြီးဖြစ်ပါတယ်။ မီးဇာကျေးရွာ အ-ထ-က ကျောင်းတွင် လက်ရှိကျောင်းသား၊ ကျောင်းသူဦးရေ (၅၅၀)ဦးကျော်ရှိပြီး ဆရာ၊ ဆရာမဦးရေ(၁၅)ဦးခန့် ရှိပါတယ်။ ၎င်းကျောင်း၏အပေါ်ထပ်တွင် စာမသင်ကြားတော့ဘဲ အောက်ထပ် မြေညီထပ်တွင်သာ စာသင်ကြားလျက်ရှိပြီး ပြိုကျမှာစိုးရိမ်လျက်ရှိပါတယ်။ တစ်နှစ်ထက်တစ်နှစ် ကျောင်းသူ၊ ကျောင်းသားဦးရေ များပြားလာသည်နှင့်အညီ ၎င်းကျောင်းဆောင် (ဟောင်းနွမ်း)အား အသစ်ဆောက်လုပ်မှသာလျှင် ကျောင်းသူကျောင်းသားများ လုံခြုံ၊ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်မည်ဖြစ်ပါသည်။

ထို့အပြင် ပလက်ဝမြို့နယ်၊ ပေါင်းမိုဝကျေးရွာ အ-လ-က ကျောင်းကို လွန်ခဲ့သော (၅)နှစ်ခန့်က ရွာသူ၊ ရွာသားများလုပ်အားဖြင့် ကိုယ်ထူကိုယ်ထ တည်ဆောက်ထားသော ကျောင်းတစ်ကျောင်းဖြစ်ပါတယ်။ ယခုအခါ ပေါင်းမိုဝကျေးရွာ အ-ထ-က(ခွဲ) ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခဲ့ရာ လက်ရှိကျောင်းသူ၊ ကျောင်းသားဦးရေ (၃၅၀)ဦးရှိပြီး ဆရာ/ဆရာမဦးရေ (၈)ဦးခန့်သာ ရှိပါတယ်။ ယခုနှစ်တွင် ယခင်ကထက် ကျောင်းသူ၊ ကျောင်းသားဦးရေများပြားခဲ့သော်လည်း ရွာသူရွာသားများ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားသောကျောင်း၌ပင် ကျပ်တည်းစွာ စာသင်ကြားနေဆဲ ဖြစ်ပါတယ်။ ယခင်ဟောင်းနွမ်းကိုယ်ထူကိုယ်ထ အ-လ-ကကျောင်း ဖြစ်သည့်အတွက် ယခု အ.ထ.က(ခွဲ)အဆင့် တိုးမြှင့်မည် ဖြစ်သည်နှင့်အညီ ၎င်းကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ရေးကို အလေးထားဆောင်ရွက်ပေးဖို့ လိုအပ်ပြီဖြစ်ပါတယ်။ သို့မှသာလျှင်ကျောင်းသူ၊ ကျောင်းသားများ လုံခြုံ၊ ကျန်းမာ၊ ပျော်ရွှင်စွာ စာသင်နိုင်မည်ဖြစ်ပါတယ်။

သို့ဖြစ်ပါသောကြောင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်ကတော့ ပလက်ဝမြို့နယ်၊ မီးဇာကျေးရွာ ဥပမိရုပ်ပျက်ဟောင်းနွမ်း အ-ထ-ကကျောင်းနှင့် ပေါင်းမိုဝကျေးရွာ ဟောင်းနွမ်းကိုယ်ထူကိုယ်ထ အ-ထ-က(ခွဲ)ကျောင်းတို့ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်

ဘတ်ဂျက်ဖြင့် လျာထားဆောက်လုပ်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

ပလက်ဝမြို့နယ်၊ မီးဇာကျေးရွာ အ-ထ-ကကျောင်းဟောင်းအဝေးမြင်ကွင်းပုံ (က)



ပလက်ဝမြို့နယ်၊ မီးဇာကျေးရွာ အ-ထ-ကကျောင်းဟောင်းရှေ့ ပြည်နယ်ဝန်ကြီး၊ ကျောင်းဆရာ/ဆရာမများနှင့် ကျောင်းမြင်ကွင်းပုံ (က-၁)



ပလက်ဝမြို့နယ်၊ ပေါင်းမိုဝကျေးရွာ ကိုယ်ထူကိုယ်ထ အ-ထ-က(ခွဲ)ကျောင်းဟောင်း အရှေ့ဘက် မြင်ကွင်းပုံ (က-၂)




**အချိန်၊ ၁၁:၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို (၁၅)မိနစ်ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁:၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁:၁၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်။ ၁၁:၁၅**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁:၁၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်အစည်းအဝေး များတွင် ပထမ(၁)နာရီသည် မေးခွန်းများ မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်ရန်

ဖြစ်သော်လည်း မေးခွန်းများ မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ကျန်ရှိနေတဲ့အတွက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း လွှတ်တော်ကို အသိပေးတင်ပြပါတယ်။

**၂၀၁၅ - ၂၀၁၆ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော ကျိုင်းတုံ ဆရာအတတ်သင် ဌာနခွဲအတွက် ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်တွင် ၎င်းဌာနခွဲသို့ သွားရောက် ပညာသင်ကြားပေးမည့် ဝန်ထမ်းများ စေလွှတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။**　　။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်က ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော ကျိုင်းတုံ ဆရာအတတ်သင် ဌာနခွဲအတွက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ၎င်းဌာနခွဲသို့ သွားရောက် ပညာသင်ကြားပေးမည့် ဝန်ထမ်းများ စေလွှတ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၁။**

**ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။**　　။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဒုတိယဝန်ကြီးနှင့်တကွ မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ တောင်တွင်းကြီးက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ စတင်ဖွင့်လှစ်ခဲ့တဲ့ ကျိုင်းတုံရဲ့ ဆရာအတတ်သင်ဌာနခွဲကို ပို့လွှတ်တဲ့ ဆရာ၊ ဆရာမများနဲ့ စပ်လျဉ်းတဲ့ ကိစ္စဖြစ်ပါတယ်။ ဖြစ်စဉ်ကဒီ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ ကျွန်တော်တို့ ကျိုင်းတုံမှာ ဆရာအတတ်သင်ဌာနခွဲ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ဒါပေမဲ့ ဆရာ၊ ဆရာမခန့်အပ်ထားရခြင်း မရှိသေးပါဘူး။ ဒါကြောင့် အဲဒီနှစ်အတွက်ကိုလှည်းကူးပညာရေးကောလိပ်က ဆရာ၊ ဆရာမတွေကို (၁)နှစ်စာချုပ်နဲ့ သွားရောက်ပြီးတော့ တာဝန်ပေးလို့ သင်ကြားပြသခဲ့ပြီး ဖြစ်ပါတယ်။

အဲဒီလို သွားရောက်သင်ကြားပြသတဲ့အခါမှာ ကျွန်တော်တို့ ပညာရေးစနစ်အတွက်ရော၊ သွားရောက်သင်ကြားပြသတဲ့ ဆရာ၊ ဆရာမတွေအတွက်ရော အခက်အခဲနဲ့ ရင်ဆိုင်နေရတဲ့ ကိစ္စရပ်တွေ ပေါ်ပေါက်ခဲ့ပါတယ်။ အဲဒါက ဘာလဲဆိုတော့ သွားရောက်သင်ကြားတဲ့နေရာမှာ ကျိုင်းတုံမှာကျတော့ ဆေးဝါးကုသစရိတ်၊ ကုန်စျေးနှုန်းကြီးမြင့်တာ၊ နောက် အဲဒီမှာရှိတဲ့ ဒေသခံဆရာတွေ ရှားပါးစရိတ်အရ လစာနှစ်ဆ ရသော်လည်းပဲ ဒီကသွားရတဲ့ဆရာတွေကျတော့ လစာက လှည်းကူးမှာပဲပြန်ထုတ်ရတဲ့အတွက် မူလလစာအတိုင်းပဲ သွားရတဲ့ကိစ္စတွေရှိပါတယ်။ အဲဒီအပြင် ကျွန်တော်တို့လှည်းကူးမှာ စိုက်ပျိုးရေး၊ ပန်းချီ၊ ဂီတ၊ ကာယ၊ အိမ်တွင်းမှုနဲ့ စက်မှုစတဲ့ ပညာရပ်တွေကို သင်ပေးနေတဲ့ ဆရာ၊ ဆရာမတွေက တစ်ယောက်စီပဲ ရှိပါတယ်။ အဲဒီ ဆရာ၊ ဆရာမတွေက ကျိုင်းတုံကိုသွားပြီးတော့ ၂၀၁၅-၂၀၁၆ မှာ သွားပြီးတော့ သင်ရပါတယ်။ သင်တော့ ပြဿနာက ဒီမှာရှိတဲ့ ဆရာ၊ ဆရာမတွေက ဒီမှာမရှိ တော့တဲ့အတွက် လှည်းကူးမှာလည်း သင်ကြားပြသလို့မရဘူး။ ဟိုရောက်သွားတဲ့

အခါမှာ သင်ကြားရေးအထောက်အကူပစ္စည်း မရှိတဲ့အတွက်လည်း သင်ကြားပေးနိုင်ခဲ့ခြင်းမရှိပါဘူး။ ဒါပေမဲ့ သူတို့တာဝန်ကျေကျေပွန်ပွန် ထမ်းဆောင်ခဲ့ပြီး ဖြစ်ပါတယ်။

ဒီနှစ်ကျတဲ့အခါကျတော့ နောက်ထပ် အဲဒီနှစ်မှာ သွားပြီးတော့ တာဝန်ထမ်းဆောင်လိုတဲ့ ဆရာ၊ ဆရာမတွေရဲ့ ဆန္ဒပြုလွှာဆိုပြီးတော့ ထုတ်ပြီးတော့ ဌာနကတောင်းပါတယ်။ ထပ်ပြီးတင်ပြတဲ့ ဆန္ဒပြုလွှာတင်ပြတဲ့သူမရှိပါဘူး။ အဲဒီလိုမရှိတဲ့အတွက် ဒုတိယညွှန်ကြားရေးမှူးချုပ် အဲဒီကို ရောက်သွားတဲ့အခါမှာ အရင်က သင်ကြားခဲ့ရတဲ့ သွားရောက်သင်ကြားပြသရတဲ့ ဆရာတွေက သူတို့မှာ ဒီလို အခက်အခဲတွေရှိနေပါတယ်။ ဒါကြောင့်မို့လို့ သူတို့သွားရောက်ဖို့ရာအတွက် သူတို့မှာ အခက်အခဲ ရှိပါတယ်ဆိုတဲ့အကြောင်း ရှင်းလင်းတင်ပြတဲ့အခါမှာ ရောက်လာတဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်က သူ့အနေနဲ့ အကူအညီပေးပါမယ်လို့ ပြောသွားခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီလိုပြောသွားပြီးတော့ မကြာခင်မှာပဲ ဘာမှ ဆန္ဒပြုလွှာတင်ထားတာလည်း မရှိဘူး။ ၂၀၁၅-၂၀၁၆ မှာလည်းသွားပြီးတော့ တာဝန်ထမ်းဆောင်ခဲ့ရတဲ့ ဆရာ၊ ဆရာမတွေ အပါအဝင် ဆရာ၊ ဆရာမ (၂၄)ဦးကို ကျိုင်းတုံကိုသွားပြီးတော့ ပညာသင်ကြားရမယ်လို့ အမိန့်စာထွက်လာပါတယ်။

အဲဒီတော့ ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုရန်အတွက် ခွင့်တောင်းခံအပ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ဆရာ၊ ဆရာမ စုစုပေါင်း(၂၄)ဦးကို သွားရောက်ပညာသင်ကြားရမယ်လို့ Order ထွက်လာပါတယ်။ ဒီလို Order ထွက်လာတဲ့အခါမှာ သူတို့ကို ဌာနဆိုင်ရာအရ သူတို့ အကူအညီ မရနိုင်တဲ့အခါမှာ အဲဒီ ဆရာတွေ၊ ဆရာမတွေကနေပြီးတော့ ကျွန်တော်တို့ လွှတ်တော်ရဲ့ ကြွေးကြော်သံ ဖြစ်တဲ့ ပြည်သူတွေရဲ့ဆန္ဒတွေ၊ ပြည်သူတွေမှာရှိတဲ့ မျှော်လင့်ချက်တွေ၊ ပြည်သူတွေရဲ့အသံတွေကို လွှတ်တော်တွေကနေပြီးတော့ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများမှာ အပြုသဘောနဲ့ ပူးပေါင်းဆောင်ရွက်ညှိနှိုင်းပေးဖို့ တာဝန်ရှိတာနှင့်အညီ သူတို့က လွှတ်တော်ကိုလှမ်းပြီးတော့ အကူအညီတောင်းပါတယ်။ တောင်းတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်က နိုဝင်ဘာ ၂၈ ရက်နေ့မှာ ဒီမေးခွန်းတင်လိုက်ပါတယ်။ အဲလိုတင်လိုက်ပြီးတဲ့အခါမှာ ထူးခြားချက်တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ အဲဒါက ဘာလဲဆိုတော့ ပြောင်းပြန်အကျိုးသက်ရောက်မှု ဖြစ်ပါတယ်။ ကျွန်တော် လွှတ်တော်ကနေ တင်ပြလိုက်တဲ့မေးခွန်းက ဒီလိုဆိုရင် ဒီအခြေအနေရှိတယ်၊ အဲဒီအပြင် ထူးခြားချက်က ဘာလဲဆိုတော့ ကျွန်တော်တို့ ကသာမှာလည်းပဲ ပညာရေးကောလိပ်ဖွင့်ဖို့ လုပ်ပြီးပါပြီ။ ဒါပေမယ်လို့ ဆရာ၊ ဆရာမတွေ အဆောက်အဦကတော့ မဆောက်ရသေးဘူး။ ကသာအတွက် ဆရာ၊ ဆရာမတွေက ခန့်အပ်ထားပြီးသားရှိပါတယ်။ အဲဒီ ခန့်အပ်ထားပြီးသား ဆရာ၊ ဆရာမတွေက လောလောဆယ် တာဝန်ထမ်းဆောင်ရသေးခြင်းမရှိဘဲနဲ့ လှည်းကူးမှာ အင်အားပြအနေနဲ့ ရှိနေပါတယ်။

တစ်နည်းအားဖြင့်ဆိုရင် အားလပ်နေတဲ့ ဆရာ၊ ဆရာမတွေ ရှိပါတယ်။ ဒီလိုဆိုရင် ဒီမှာ တာဝန်ယူနေရတဲ့ ဆရာ၊ ဆရာမတွေအစား အားလပ်နေတဲ့ ဆရာ၊ ဆရာမတွေကို ပို့တာရော အဆင်မပြေဘူးလား။ နောက် အဲဒီသွားရောက်တဲ့ ဆရာ၊ ဆရာမတွေအတွက် ခုနတုန်းက ရှားပါးစရိတ် အပါအဝင် အခက်အခဲတွေကိုရော ကုစားပေးဖို့ ရှိပါသလား။ နောက်အဲဒီမှာရှိတဲ့ ပညာရေးသင်ထောက်ကူပစ္စည်းတွေနဲ့ ပတ်သက်လို့ ဖြည့်ဆည်းထားမှု ဘယ်လိုရှိသလဲဆိုတော့ လွှတ်တော်က တစ်ဆင့် နိုဝင်ဘာ ၂၈ ရက်နေ့မှာ မေးခွန်းတင်ပါတယ်။ အဲဒီလိုတင်လိုက်တဲ့အခါမှာ ထူးခြားဖြစ်စဉ်က

ဒီဇင်ဘာ ၉ ရက်နေ့ကျတော့ ဒုတိယ Slide ဖွင့်ပြပါ။ ကျွန်တော်တို့ဆီမှာ လာရောက်ဖြေကြားခြင်း မရှိသေးခင်မှာ ဒီဇင်ဘာ ၉ ရက်နေ့မှာကျတော့ ညွှန်ကြားရေးမှူးချုပ်ကနေပြီးတော့ ဘာစာထွက်လာလဲဆိုတော့ ဒါနဲ့ပတ်သက်ပြီးတော့ ဆရာမ(၂၄)ဦးအနက် မသွားရောက်နိုင်ကြောင်း ငြင်းဆိုတဲ့ ဒေါ်မျိုးမျိုးထွန်းတို့၊ ဒေါ်အေးအေးလွင်တို့၊ ဒေါ်နီလာဝင်းတို့ စတဲ့ ဆရာ၊ ဆရာမတွေဟာ တာဝန်ပေးတဲ့အတိုင်းကို မသွားဘူးဆိုပြီးတော့ ဌာနဆိုင်ရာ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရ အရေးယူ အပြစ်ပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားပါသည်ဆိုပြီးတော့ ထွက်လာပါတယ်။ ကျွန်တော်တို့ရဲ့ မေးခွန်းတွေ မေးမြန်းတယ်ဆိုတာက ဒီလိုအခက်အခဲလေးတွေကို ဘယ်လိုလေးများကုစားဖြေရှင်းပေးရင်ကောင်းမလဲလို့ အပြုသဘောနဲ့ ဖြေရှင်းစေချင်လို့ လွှတ်တော်က မေးတဲ့အခါမှာ တင်ပေးလိုက်ပြီးတဲ့အခါကျမှ ဖြေရှင်းပေးတဲ့ပုံစံမျိုးမဟုတ်ဘဲနဲ့ လွှတ်တော်ကို အကူအညီတောင်းလိုက်တဲ့သူတွေကို ဒီလိုမသွားရကောင်းလားဆိုပြီးတော့ အပြစ်ပေးအရေးယူမယ့် ကိစ္စရပ်မျိုး ပေါ်ပေါက်လာတဲ့ အနေအထားမျိုးက ဝမ်းနည်းစရာကောင်းတာ တွေ့ရပါတယ်။

ဒါကြောင့် ကျွန်တော့်အနေနဲ့ မေးချင်တဲ့ မေးခွန်းက (၁) က အဲဒီလို လွှတ်တော်ကို တရားနည်းလမ်းတကျ အကူအညီတောင်းတဲ့အပေါ်မှာ မူတည်ပြီးတော့ ဒီလို ဖိအားပေးဆောင်ရွက်တဲ့ ညွှန်ကြားချက်မျိုး ထွက်လာတာကို ဒုတိယဝန်ကြီးအနေနဲ့ သိရှိခြင်းရှိပါသလား။ နောက် ဒုတိယက လှည်းကူးပညာရေးကောလိပ်မှာ တာဝန်ယူသင်ကြားနေရတဲ့အပြင်ကို အရင်နှစ်ကလည်း တာဝန်ကျေစွာ သွားရောက်သင်ကြားပေးခဲ့ပြီးတော့ ဆန္ဒပြုလွှာ တင်ပြထားခြင်းလည်းမရှိတဲ့ ဆရာ၊ ဆရာမများရဲ့ အစား တာဝန်ထမ်းဆောင်ရသေးခြင်းမရှိတဲ့ ဆရာ၊ ဆရာမများကို တာဝန်ပေးစေလွှတ်ဖို့ အစီအစဉ် ရှိ/မရှိ။ နောက်တာဝန်အရ သွားရောက်ကြရတဲ့ ဝန်ထမ်းများအတွက် ရင်ဆိုင်နေရတဲ့ တင်ပြခဲ့တဲ့ အခက်အခဲများကို ဖြေရှင်းပေးရန် အစီအစဉ်ရှိ/မရှိနဲ့ ကျိုင်းတုံဆရာအတတ်သင်ဌာနခွဲအတွက် လိုအပ်တဲ့ သင်ထောက်ကူပစ္စည်းများဖြစ်တဲ့ ဖြည့်ဆည်းထားမှုအခြေအနေကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၂၇။**

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်း က ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမမြောက်နေ့တွင် ရှမ်းပြည်နယ် အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမိုင်းအုဏ်းခိုင် ရဲ့ မေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ

ဒေသ နမ့်ဆန်မြို့နယ် အနောက်ကင်းကျေးရွာအုပ်စု၊ ပန်စရီအခြေခံပညာ အထက်တန်းကျောင်း(ခွဲ) တွင် (၉၀x၃၀x၁၂)ပေ အုတ်ညှပ်တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ဦးစွာ တင်ပြခွင့်ပြုပါခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး များခင်ဗျား။ ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နယ် အနောက်ကင်းကျေးရွာအုပ်စု၊ ပန်စရီအခြေခံ ပညာအထက်တန်းကျောင်း(ခွဲ)တွင် သပြေဆောင် (၇၂ x ၂၄) ပေ ၊ သွပ်မိုး၊ ပျဉ်ကာအဆောက်အဦကို အုတ်ညှပ်အဖြစ် ပြင်ဆင်ဆောက်လုပ်ရန်အတွက် ပြီးခဲ့တဲ့ ယခုလက်ရှိပေ့ါနော် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ် ပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေခေါင်းစဉ်မှ ရန်ပုံငွေကျပ်သိန်း(၁၁၁) ခွဲဝေခဲ့ပြီးဖြစ်ပါတယ်။ လက်ရှိနမ့်ဆန်မြို့နယ်ရဲ့ နယ်မြေအခြေအနေအရ ဆောက်လုပ်ရေးပစ္စည်းများ စုဆောင်းပေးနိုင်တဲ့ အခြေအနေသာ ရှိပါတယ်။ ဆောက်လုပ်ဖို့အတွက်လည်း ဆက်လက်ပြင်ဆင်နေပါတယ်။ ဒါလည်း လောလောဆယ် နမ့်ဆန်ဒေသရဲ့ ပြီးခဲ့တဲ့အချိန်တုန်းက ဖြစ်ပေါ်ခဲ့တဲ့နယ်မြေအခြေအနေအရ ဖြစ်ပါ ကြောင်း တင်ပြအပ်ပါတယ်။ ဒီလာမယ့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်လည်း (ပေ ၆၀ x ပေ ၃၀) အုတ်ညှပ်တစ်ထပ်ဆောင် တစ်ဆောင် (မူကြို)ဆောင်အဖြစ် ဆောက်လုပ်ပေးရန် တတိယဦးစားပေး လျာထားစာရင်းမှာ ထည့်သွင်းထားပြီးဖြစ်ပါတယ်။ ဘဏ္ဍာရေးအခြေအနေ ခွင့်ပြုချက်ရရှိလျှင် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးမြင့်နိုင် ရဲ့ မေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့ပေါ်ရှိ အခြေခံပညာအထက်တန်း ကျောင်းတွင် အကြီးစားမွမ်းမံပြင်ဆင်ရန်အတွက် ၂၀၁၇ -၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ခွဲဝေ ချထားပေးရန်နှင့် RC(၂)ထပ် တိုးချဲ့ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း နှင့် စပ်လျဉ်းလို့ တင်ပြမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး များခင်ဗျား။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း BE လျာထားချက်ဆောင်ရွက်ရာမှာ အသစ်တည်ဆောက်ရန်လိုအပ်သော အခြေခံပညာကျောင်းများ၊ အန္တရာယ်ရှိသောကျောင်းများ၊ ဥပမိ ရုပ်မကောင်းသော ကျောင်းများ၊ ကျောင်းသားဦးရေအရ တိုးချဲ့ရန်လိုအပ်သောကျောင်းများ၊ သိပ္ပံ ဆောင်လိုအပ်သောကျောင်းများ၊ သဘာဝဘေးဒဏ်ကြောင့် နေရာပြောင်းရွှေ့ဆောက်လုပ်ရန် လိုအပ် သောကျောင်းများ စသည်ဖြင့် လုပ်ငန်းများ ခွဲခြားပြီး မြို့နယ်အလိုက် ဦးစားပေးအဆင့် သတ်မှတ်ပြီး ပြုစုဆောင်ရွက်ခဲ့ပါတယ်။ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ရန် ငွေကျပ် သန်းပေါင်း(၇၆၃)သန်း လျာထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ရခိုင်ပြည်နယ် ကျောက်တော်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ( U ပုံသဏ္ဍာန်) ပင်မဆောင် (၅၁၀ ပေ x ၃၀ပေ) သွပ်မိုး၊ အုတ်ညှပ်နှစ်ထပ်ဆောင်၊ (၁၈၀ ပေ x ၃၀ ပေ )သွပ်မိုး အုတ်ညှပ်တစ်ထပ်ဆောင်၊ (၁၀၀ ပေ x ၃၀ ပေ )သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာနှစ်ထပ်ဆောင်၊ (၆၀ ပေ x

၃၀ ပေ )သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင်၊ (၁၂၀၀ ပေ x ၅၀ ပေ) သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင် စုစုပေါင်း စာသင်ဆောင် (၅)ဆောင်ရှိပြီး စာသင်ဆောင် ဧရိယာအားဖြင့် (၃၇၆၈၀)စတုရန်းပေရှိပါကြောင်း တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ တွက်ချက်မှုအရ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံမူလတန်းအဆင့်မှာ ကျောင်းသားတစ်ဦးအတွက် လိုအပ်ချက်(၁၂)စတုရန်းပေ၊ နောက် အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်မှာ ကျောင်းသားတစ်ဦးအတွက် (၁၈) စတုရန်းပေ လျာထားသတ်မှတ်ကြောင်း တင်ပြအပ်ပါတယ်။ ဒီတင်ပြပါအကြောင်းမှာ ကျောင်းသား၊ ကျောင်းသူများအနေနဲ့ မူလတန်းအဆင့်တွင် (၂၉၀)ဦး၊ အလယ်တန်းအဆင့်တွင်(၈၇၂)ဦး၊ အထက်တန်းအဆင့်တွင်(၇၇၅)ဦး စုစုပေါင်း(၁၉၃၇)ဦး ရှိပြီး ခုနက သတ်မှတ်ချက်အနေနဲ့ကြည့်ရင် စုစုပေါင်း(၃၃၁၂၆)ပေ လိုတာတွေ့ရတဲ့အတွက် လက်ရှိ ဧရိယာနဲ့စာလျှင် လုံလောက်မှုရှိပါကြောင်း တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ဒီ ရန်ပုံငွေ လျာထားချက်များမှာ လက်ရှိပင်မဆောင် (U ပုံသဏ္ဍာန်) (၂)ထပ်ကျောင်းဆောင်ကြီးကို ပြုပြင်မွမ်းမံရန်အတွက် ရန်ပုံငွေ ပါဝင်မှုမရှိကြောင်း တင်ပြအပ်ပါတယ်။ သို့သော် ကိုယ်စားလှယ်တော်ကြီးရဲ့ ဒုတိယတင်ပြချက်ဖြစ်တဲ့ RC (၂)ထပ်ကျောင်းဆောင် ဆောက်လုပ်ပေးရန်ကိစ္စနဲ့ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် အထက်တင်ပြပါ ဦးစားပေး အစီအစဥ်များအရ RC (၂)ထပ်ကျောင်းဆောင် မဟုတ်သော်လည်း အဲဒီကျောင်းမှာပဲ (၁၈၀ ပေ x ၃၀ ပေ )သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင် ဆောက်လုပ်ပေးရန် လာမယ့်နှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေအောက်မှာ ဒုတိယဦးစားပေးအဖြစ် ထည့်သွင်းလျာထားပါကြောင်းနဲ့ ခွင့်ပြုချက်ရရှိပါကြောင်း ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဒီအခြေခံပညာကျောင်းများအတွက် ကျောင်းဆောင် ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းများအတွက် ရန်ပုံငွေလျာထားချက်များဆောင်ရွက်ရာတွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ စီစဥ်ကြီးကြပ်မှုဖြင့်ဆောင်ရွက်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးများ၏ လွှတ်တော်များတွင် အတည်ပြုချက်ရယူ ဆောင်ရွက်ခဲ့ပါတယ်။ ဘဏ္ဍာရေးခွင့်ပြုငွေ ရရှိအတည်ပြုပြီးပါကလည်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် အိတ်ဖွင့်တင်ဒါ ဆောင်ရွက်ခြင်း၊ လုပ်ငန်းအပ်နှံခြင်း၊ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပြီး အဆောက်အဦများ အချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်ဝရေးတို့အတွက် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနက ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း ရှိုသေစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမောင်မောင်လတ် ရဲ့ မေးခွန်းဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ စော်ဘွား (၁)ရပ်ကွက်အတွင်းရှိ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ မူလတန်းအဆင့်ကို သီးသန့်ခွဲထုတ်၍ မူလတန်းကျောင်း ဆောက်လုပ်ရန်အတွက် ကုန်သွယ်လယ်ယာဝင်း မြေနေရာကို သတ်မှတ်ပေးရန် အစီအစဥ် ရှိ/မရှိနဲ့ စပ်လျဉ်းပြီး ဆက်လက် တင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၉)မဲဆန္ဒနယ်ရှိ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမောင်မောင်လတ် ၏ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ စော်ဘွား(၁)ရပ်ကွက်အတွင်းရှိ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ မူလတန်းအဆင့်ကို သီးခြားခွဲထုတ်၍ မူလတန်းကျောင်း ဆောက်လုပ်ရန်အတွက် မြေနေရာ သတ်မှတ်ပေးနိုင်ရန် ရှိ/မရှိနဲ့ စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပိုင် ကုန်သွယ်လယ်ယာဝင်း(၁.၅၆)ဧက အား ပညာရေးဝန်ကြီးဌာနသို့ လုပ်ထုံးလုပ်နည်းနဲ့အညီ လွှဲပြောင်းပေးပြီး ပညာရေးဝန်ကြီးဌာနပိုင် အမည်ပေါက်ပုံစံ(၁၀၅-၁၀၆) ရရှိပြီးမှသာ ဘတ်ဂျက်ထည့်သွင်းပြီး မူလတန်းအဆင့်ကျောင်းဆောင် ဆောက်လုပ်ခြင်းကို စီစဉ်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ တစ်လက်စတည်းမှာပဲ ကျွန်တော်တို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ ပေါင်းစပ်ဆောင်ရွက်ခဲ့ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ပြန်ကြားချက်အရ တမူးမြို့ စော်ဘွားအင်းရပ်ကွက်၊ အမှတ်(၂၇)၊ ဦးပိုင်အမှတ်(၄၇)ရှိ ဌာနလုပ်ခွင့်ရ အစိုးရပိုင်မြေ (၁.၈၀၉)ဧကပေါ်တွင် အမြဲတမ်းသိုလှောင်ရုံ (၁)လုံး၊ ဒေါင့်စည့်သိုလှောင်ရုံ(၁)လုံး၊ စုစုပေါင်း သိုလှောင်ရုံ (၂)လုံးရှိပါကြောင်း အဆိုပါမြေပေါ်တွင် သိုလှောင်ရုံ (၂)လုံးအား ဌာနအနေဖြင့် သုံးစွဲခြင်းမရှိတော့သဖြင့် လေလံတင်ထုခွဲရောင်းချပြီး မြေကျန်(၁.၈၀၉)ဧက ကျန်ပါကြောင်း၊ အဆိုပါ တမူးမြို့ စော်ဘွားအင်းရပ်ကွက်၊ အမှတ်(၂၇)၊ ဦးပိုင်အမှတ်(၄၇)ရှိ ဌာနလုပ်ခွင့်ရ အစိုးရပိုင်မြေ (၁.၈၀၉)ဧကကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးနိုင်နိုင်ဝင်း မှ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူးမြို့နယ်၊ စော်ဘွားအင်းရပ်ကွက်တွင် တည်ရှိသော ကုန်သွယ်လယ်ယာဝင်းမြေနေရာအား မြို့နယ်ဒေသန္တရ ကျန်းမာရေးဌာန (UHC)သို့ လွှဲပြောင်းပေးနိုင်ပါရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ လိုအပ်သလို စီမံဆောင်ရွက်ပေးပါရန် တင်ပြထားပါတယ်။

ဒါကြောင့်မို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး ယခုအခါ နိုင်ငံတော်အဆင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီသို့တင်ပြရန် ဆောင်ရွက်လျက်ရှိပါကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမောင်မောင်လတ် ၏ မေးခွန်းနှင့် စပ်လျဉ်းပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပေါင်းစပ်ဖြေကြားမှုအရ အဆိုပါ သိုလှောင်ရုံဝင်းမြေ (၁.၈၀၉)ဧကအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းရေး စီစဉ်ဆောင်ရွက်ပြီးဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနမှ လွှဲပြောင်းလက်ခံရယူနိုင်တဲ့ အခြေအနေမရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ချင်းပြည်နယ်အမှတ်(၁၁)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဌေ့တင်း ရဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ မီးဇာကျေးရွာရှိ ဥပစိရပ်ကောင်းမွန်မှုမရှိသည့်

အခြေခံပညာအထက်တန်းကျောင်းနှင့် ပေါင်းမိုဝကျေးရွာရှိ ဟောင်းနွမ်းနေသော ကိုယ်ထူကိုယ်ထ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်မှ ဘတ်ဂျက် လျာထား၍ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့စပ်လျဉ်းပြီး ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း လျာထားသတ်မှတ်ရာမှာ ကျွန်တော် ရှေးကတင်ပြတဲ့ အတိုင်းပဲ အသစ်တည်ဆောက်ရန်လိုသော အခြေခံပညာ အထက်တန်းကျောင်းများ၊ အန္တရာယ်ရှိ ကျောင်းများ၊ ဥပဓိရုပ်မကောင်းသောကျောင်းများ၊ သိပ္ပံဆောင်လိုအပ်သောကျောင်းများ၊ ကျောင်းသား ဦးရေအရ တိုးချဲ့ရန်လိုအပ်သောကျောင်းများ၊ သဘာဝဘေးဒဏ်ကြောင့် နေရာရွှေ့ပြောင်းဆောက်လုပ် ရန် လိုအပ်သောကျောင်းများစသဖြင့် လုပ်ငန်းလိုအပ်ချက်များကို ခွဲခြားပြီး မြို့နယ်အလိုက် ဦးစားပေး အဆင့် သတ်မှတ်ဆောင်ရွက်ခဲ့ပါတယ်။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ မီးဇာကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းဆောင်အနေဖြင့် (၁၂၀x၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ ဒီအဆောက်အဦကတော့ ဟောင်းနွမ်းနေပါပြီ။ နှစ်ထပ်ဆောင် တစ်ဆောင်၊ (၉၀ x ၃၀)ပေ၊ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်တစ်ဆောင်၊ (၆၀x၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ တစ်ထပ်ဆောင်၊ (၁၂၀x၃၀)ပေ၊ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင် တစ်ဆောင် စုစုပေါင်း(၄) ဆောင်ရှိပြီး၊ ဒီ စာသင်ဆောင်ဧရိယာ၊ စုစုပေါင်းဧရိယာမှာ (၁၂၂၄၀) စတုရန်းပေ ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ကျွန်တော် ပြီးခဲ့တဲ့မေးခွန်းနဲ့ ဆက်စပ်တင်ပြတဲ့အတိုင်းပဲ။ ဒီမူလတန်းအဆင့် ကျောင်းသား တစ်ဦးအတွက် လိုအပ်ချက်စတုရန်းပေ အလယ်တန်းဆင့်နှင့် အထက်တန်းဆင့် ကျောင်းသား တစ်ဦး အတွက် (၁၈) စတုရန်းပေ ကျွန်တော်တို့ သတ်မှတ်လျာထားဆောင်ရွက်ပါတယ်။ အဲ့ဒီတော့ ဒီတင်ပြပါ ကျောင်းမှာ မူလတန်းအဆင့်တွင် ကျောင်းသား၊ ကျောင်းသူ (၉၃)ဦး၊ အလယ်တန်း အဆင့်တွင် (၄၂၈)ဦး၊ အထက်တန်းအဆင့်တွင် (၂၀၆)ဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ (၇၂၇)ဦးအတွက် လိုအပ်ချက်ပေ (၁၂၅၂၈) စတုရန်းပေ ရှိတဲ့အတွက် စာသင်ဆောင်ဧရိယာ ထပ်မံလိုပါသေးကြောင်း စိစစ်တွေ့ရှိရပါတယ်။

ဒီ ပေါင်းမိုဝကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်အနေနဲ့ (၆၀x၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ တစ်ထပ်ဆောင် (၁)ဆောင်၊ (၉၀x၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ ခြေတံရှည်တစ်ထပ်ဆောင် (၁)ဆောင်၊ စုစုပေါင်း (၂)ဆောင်ရှိပြီး ကျောင်းသား၊ ကျောင်းသူ များအတွက် အသုံးပြုနိုင်တဲ့ စာသင်ဆောင် ဧရိယာမှာ (၅၇၆၀) စတုရန်းပေ ရှိပါတယ်။ ဒီကျောင်းရဲ့ စာသင်ဆောင် ဧရိယာလိုအပ်ချက်ပေ မူလတန်းအဆင့်ကျောင်းသား၊ ကျောင်းသူအတွက် (၁၇၁) ဦး၊ အလယ်တန်းအဆင့် (၁၀၆)ဦးနှင့် အထက်တန်းအဆင့် (၁၉) ဦး၊ စုစုပေါင်း (၂၉၆) ဦး ရှိတဲ့အတွက် လိုအပ်ချက် စာသင်ခန်းဧရိယာ (၄၃၀၂)လိုပြီး ရှိတဲ့ဧရိယာ(၅၇၆၇) စတုရန်းပေ လုံလောက်သင့်တင့် မျှတပါကြောင်း တင်ပြအပ်ပါတယ်။

ဒီဟောင်းနွမ်းတဲ့ စာသင်ဆောင်အတွက် ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ပြီးခဲ့တဲ့ ရန်ပုံငွေတောင်းခံတဲ့ အမှုတွဲက ဒီဘဏ္ဍာရေးနှစ်အတွက် လျာထားရာမှာ အချိန်နှောင်းခဲ့ပါကြောင်း

လည်း တင်ပြလိုပါတယ်။ အခုဒီ ကျွန်တော်တို့ ဒီဘတ်ဂျက်ပြင်ဆင်ချိန်မှာ ၃၀-၁၁-၂၀၁၆ မှ ဘတ်ဂျက် လျာထားတဲ့အမှုတွဲ ရောက်ရှိလာတဲ့အတွက် ဒီအချိန်ကာလကတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အတွက် ရန်ပုံငွေ လျာထားချိန်ကို ကျော်လွန်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ နောင်လာမယ့် ဘဏ္ဍာရေး နှစ်မှာတော့ အချိန်မီတင်ပြစေပြီး ရန်ပုံငွေလျာထားချက် ဆောင်ရွက်သွားပါမယ်။ ပြည်နယ်အစိုးရ အဖွဲ့ရဲ့ စီမံကြီးကြပ်မှု၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ပေါင်းစပ်ညှိနှိုင်းမှုအရ ကျွန်တော်တို့ ဦးစားပေး အစီအစဉ်ဖြင့် စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

နောက် မကွေးတိုင်းဒေသကြီး၊ အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကြီး၊ ဦးအောင်ကြည်ညွန့် ရဲ့ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော ကျိုင်းတုံ ဆရာ အတတ်သင်ဌာနခွဲအတွက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ယင်းဌာနခွဲသို့ သွားရောက် ပညာသင် ကြားပေးမည့် ဝန်ထမ်းများဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ မေးခွန်းနဲ့ စပ်လျဉ်းလို့ ဆက်လက် တင်ပြပါမယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကြီးများခင်ဗျား။ ရှမ်းပြည်နယ် အရှေ့ပိုင်းမှာ ဆရာအတတ်ပညာ ဆည်းပူးလေ့လာသူများအတွက် ကျိုင်းတုံမြို့နယ်၊ ပညာရေးကောလိပ်၊ ကျောင်းသစ်တစ်ကျောင်း တိုးချဲ့ဖွင့်လှစ်ခြင်းအပြင် ဒေသအတွင်း လိုအပ်လျက်ရှိသော အခြေခံပညာကျောင်းများ၏ သင်ကြားရေး ဆရာ၊ ဆရာမအား ဖြည့်ဆည်းခန့်ထား ပေးနိုင်ခြင်း၊ ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်ခြင်းတို့အတွက် ရှမ်းပြည် နယ် အရှေ့ပိုင်း၊ ကျိုင်းတုံခရိုင်၊ မိုင်းဖြတ်ခရိုင်နှင့် တာချီလိတ်ခရိုင်များမှ ဆရာ၊ ဆရာမများအနေဖြင့် မိမိဒေသအတွင်း၌ပင် အချိန်ကုန်၊ ငွေကုန်သက်သာစွာဖြင့် ဆရာအတတ်ပညာများ ဆည်းပူးသင်ကြားခွင့် ရရှိစေခြင်းအတွက် ရည်ရွယ်ပြီး ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့တွင် ပညာရေးကောလိပ် ဖွင့်လှစ်ရန် သက်ဆိုင်ရာဌာနများသို့ အဆိုပြု တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံ မြို့တွင် ပညာရေးကောလိပ် အသစ်တစ်ခုအနေဖြင့် ဖွင့်လှစ်ခွင့်ရရှိပါက လိုအပ်သည့်ဝန်ထမ်းအင်အား ကို ပညာရေးကောလိပ်သို့တက်ရောက်မည့် သင်တန်းဦးရေပေါ်မူတည်၍ ပြင်ပမှ မဟာဝိဇ္ဇာရရှိသူ များ၊ ဌာနအတွင်းမှ B.Ed နှင့် M.Ed ဘွဲ့ ရရှိသူများ၊ အခြေခံပညာဦးစီးဌာနမှ ဌာနအကူးအပြောင်း ရောက်ရှိလာသူများက ဘာသာရပ်အလိုက် လိုအပ်ချက်နှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ရမှာ ဖြစ်ပါ တယ်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် လှည်းကူးပညာရေးကောလိပ်၏ ကျောင်းခွဲအဖြစ် ကျိုင်းတုံ ဆရာ အတတ်သင်ဌာနခွဲကို ကျိုင်းတုံတက္ကသိုလ်၌ စတင်ဖွင့်လှစ်ခဲ့ပြီး လှည်းကူးပညာရေး ကောလိပ်မှ ဆရာ၊ ဆရာမများကို တစ်နှစ်စာချုပ်ဖြင့် သွားရောက်သင်ကြားခြင်းမရှိဘဲ သင်တန်းအမှတ်စဉ်အလိုက် အလှည့်ကျစနစ်ဖြင့် သွားရောက်ပညာသင်ပေးခြင်းကို ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

လှည်းကူးပညာရေးကောလိပ်တွင် ဖွင့်လှစ်ရသည့် D.T.Ed အမှတ်စဉ် (၂၀/၂၀၁၅) ပထမနှစ်သင်တန်းသို့ ကျိုင်းတုံဒေသမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သူများအား တက်ရောက်စေ နိုင်ရေးအတွက်လည်း ဆောင်ရွက်ခဲ့ပါတယ်။ လှည်းကူးပညာရေး ကောလိပ်တွင် တွဲဖက်တာဝန် ထမ်းဆောင်နေသော ကသာပညာရေးကောလိပ်မှ နည်းပြဆရာ၊ ဆရာမများကို အင်အားပြအဖြစ် ဝင်ရောက်စေခြင်းမဟုတ်ဘဲ သင်ကြားပုံ၊ သင်ကြားနည်းများကို သက်ဆိုင်ရာ ဘာသာရပ်အလိုက်

လေ့လာသင်ယူသူများအဖြစ် တာဝန်ပေးထားပြီးဖြစ်ပါသဖြင့် သက်ဆိုင်ရာစာပေဘာသာရပ်၊ ဖွံ့ဖြိုးရေးဘာသာရပ်၊ သင်ကြားနည်း ဘာသာရပ်များအား လေ့လာသင်ယူစေပြီးမှ သင်ကြားရေးတာဝန်ကို ဆောင်ရွက်စေလျက်ရှိပါတယ်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် လှည်းကူးပညာရေးကောလိပ်မှ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်း (၂၅) ဦး၊ ကျိုင်းတုံသို့စေလွှတ်ခဲ့ရာ မီးဖွားခွင့်ယူထားသူများ နှင့် ကျန်းမာရေး မကောင်းသူများ၏ နေရာတွင် ဘာသာရပ်အလိုက် သင်ကြားပြသနိုင်သူများကို အစားထိုးရွေးချယ် စေလွှတ်ခဲ့ခြင်း ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး မေးခွန်းတွင်ပါရှိတဲ့ လှည်းကူးပညာရေးကောလိပ်တွင် လက်ရှိတာဝန်ယူ သင်ကြားနေသည့်အပြင် ယခင်နှစ်ကလည်း တာဝန်ကျေစွာ သွားရောက်သင်ကြားပေးခဲ့ပြီး ဆန္ဒပြုလွှာတင်ထားခြင်း မရှိသော ဆရာ၊ ဆရာမများအစား တာဝန်ထမ်းဆောင်ရခြင်း မရှိသေးသော ဆရာ၊ ဆရာမများကို တာဝန်ပေးစေလွှတ်ရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီး လှည်းကူးပညာရေးကောလိပ်၊ ကျိုင်းတုံဆရာအတတ်သင်ဌာနခွဲတွင် လက်ရှိတာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမများအနေနဲ့ အလှည့်ကျစနစ်ဖြင့် ဘာသာရပ်အလိုက် စေလွှတ်ခြင်းများပြုခဲ့ရာ ယခုအခါတွင် စတုတ္ထအကြိမ်ဖြင့် သွားရမည့်အလှည့်သို့ ရောက်ရှိခဲ့ပါတယ်။

၎င်းတို့ သင်ပြနည်းအတွက် ဆရာ၊ ဆရာမ (၉)ဦး၊ စာပေဘာသာရပ်အတွက် ဆရာ၊ ဆရာမ (၉)ဦး၊ ဖွံ့ဖြိုးရေးဘာသာရပ်အတွက် ဆရာ၊ ဆရာမ (၆)ဦး၊ မီးဖိုဆောင်တွင် ဝန်ထမ်း(၁)ဦး၊ စုစုပေါင်း (၂၅)ဦး ဖြစ်ပါတယ်။ စာပေဘာသာရပ်(၉)ဦးနဲ့ ဆရာမ (၃)ဦးဟာ အကြောင်းအမျိုးမျိုးကြောင့် မသွားရောက်နိုင်၍ လှည်းကူးပညာရေးကောလိပ်၊ ဒုတိယကျောင်းအုပ်ကြီးနှင့် ညှိနှိုင်း၍ ၎င်းတို့ ကိုယ်စား ကသာပညာရေးကောလိပ်မှ လာရောက်တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသော နည်းပြဆရာ၊ ဆရာမများအား လှည်းကူးပညာရေးကောလိပ်ရှိ ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမများထံမှ သင်ကြားပုံသင်ကြားနည်းများအား လေ့လာသင်ယူစေပြီးမှ တာဝန်ပေးစေလွှတ်ရန် အစီအစဉ်များ ပြုလုပ်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီး မေးခွန်းဖြစ်သော တာဝန်အရ သွားရောက်ကြရသော ဝန်ထမ်းများအတွက် ရင်ဆိုင်ရသော အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်း၍ တာဝန်အရ သွားရောက်နေရသော ပညာရေးဌာနရှိ နိုင်ငံ့ဝန်ထမ်းများအတွက် ရင်ဆိုင်နေရသော အခက်အခဲများ ရှိနိုင်ပါတယ်။ ဝန်ထမ်းဆိုင်ရာ အခက်အခဲများရှိခဲ့ပါက ကျိုင်းတုံ ဆရာအတတ်သင်ဌာနခွဲ၏ တာဝန်ခံကျောင်းအုပ်ကြီးက ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ၏ နေထိုင်စားသောက်ရေးအတွက် လိုအပ်ချက်များကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

တတိယမေးခွန်းဖြစ်သော ကျိုင်းတုံဆရာအတတ်သင် ဌာနခွဲအတွက် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးရေးနှင့် စပ်လျဉ်း၍ ၂၀၁၅ ခု၊ နိုဝင်ဘာလတွင် ကျိုင်းတုံဆရာအတတ်သင်တန်းဌာနခွဲကို လှည်းကူးပညာရေးကောလိပ်နှင့် တွဲဖက်ပြီး ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ ဌာနခွဲအား ကျိုင်းတုံပညာရေးကောလိပ်အဆင့်အဖြစ် ဖွဲ့စည်းပုံရရှိပါက သက်ဆိုင်ရာဌာနများသို့ အဆင့်ဆင့်တင်ပြထားပြီး ဖွဲ့စည်းပုံရရှိသည့်အချိန်တွင် သက်ဆိုင်ရာဘဏ္ဍာနှစ်အလိုက် လိုအပ်သော ဘာသာရပ်

ဆိုင်ရာသင်ထောက်ကူပစ္စည်းများ ပန်းချီ၊ ဂီတ၊ အနုပညာ၊ စိုက်ပျိုးရေး၊ စက်မှုလက်မှု၊ အိမ်တွင်းမှု၊ ကာယပညာအစရှိသည့် ဖွံ့ဖြိုးရေးဘာသာများအတွက် လိုအပ်သော သင်ထောက်ကူပစ္စည်းများကို သက်ဆိုင်ရာဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ လျာထားဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဒီလွှတ်တော်ကိုယ်စားလှယ်ကြီး ရှေးဦးမေးလိုက်တဲ့ မေးခွန်းကတော့ ကျွန်တော် အခုမှသိရတဲ့ သဘောရှိပါတယ်။ ဒီလွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်ကြီးက ဌာနသို့ ဝန်ထမ်းများအဆင်ပြေရေးအတွက် ညှိနှိုင်းသည့် ဆောင်ရွက်ချက်အား ဒီ သက်ဆိုင်ရာဌာနမှ တွန်းအားပေးခြင်း၊ ဆောင်ရွက်ခြင်း ဟုတ်၊ မဟုတ်နဲ့ ဒီ ဝန်ထမ်းစည်းမျဉ်းအရ ဆောင်ရွက်ခြင်း ဟုတ်၊ မဟုတ်ကို ကျွန်တော် ပြန်လည်စိစစ်ခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးအား ရိုသေစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ ဒုတိယဝန်ကြီးကို ကျေးဇူးအထူးတင်ရှိပါတယ်။ ကျွန်တော်တို့ ကျောက်တော်မြို့နယ်က အထက်တန်းကျောင်းမှာ ပင်မကျောင်းဆောင်ကြီးက (၅၁၀) ရှိတဲ့ ကျောင်းတော်ကြီး ဖြစ်ပါတယ်။ အဲဒီ ကျောင်းဆောင်ကြီးမှာ မိုးထားတဲ့သွပ်က ခုန ဒုတိယဝန်ကြီး ဖြေသွားတဲ့အထဲမှာ သွပ်မိုးဆိုပြီး ပါပါတယ်။ ကျွန်တော်တို့ကျောင်းမှာ မိုးထားတဲ့ဥစ္စာက အုတ်ပြားပါ။ ဒီအုတ်ပြားတွေက ကွဲနေပါပြီ။ ကွဲနေတဲ့အတွက် ကျွန်တော် ကိုယ်တိုင်သွားပြီး ဓာတ်ပုံလေးနဲ့တကွ တင်လိုက်တာပါ။ ဒီအုတ်ပြားမိုးတဲ့ အမိုးကို ခေါင်မိုးကို မပြင်လိုက်ဘူးဆိုရင် ဒီနှစ်မိုးရာသီမှာ အများကြီး အခြေအနေဆိုးလာနိုင်ပါတယ်။ အဲ့ဒါကြောင့် ပြုပြင်ထိန်းသိမ်းတဲ့စာရင်းမှာ စရိတ်ချပေးဖို့ လိုအပ်မည်လို့ ထင်ပါတယ်။ အဲဒီ စာရင်းမှာထည့်ပေးဖို့ ရှိ/မရှိ ထပ်ပြီး မေးမြန်းရခြင်းဖြစ်ပါတယ်။ အုတ်ချပ်နဲ့ မိုးထားခြင်းဖြစ်ပါတယ်။ ဓာတ်ပုံတွေအကုန်မှာ ပါပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လွှတ်တော်ကိုယ်စားလှယ်ကြီး အနေနဲ့ မြေပြင်မှာ ကွင်းဆင်းပြီး ဒေသခံလူထုရဲ့ လိုအပ်ချက်၊ ဒေသခံပညာရေးရဲ့ လိုအပ်ချက်တင်ပြခြင်း ဖြစ်တဲ့အတွက် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနက ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်တော် အစီရင်ခံတင်ပြတာ အားလုံးသည် ငွေလုံးငွေရင်း ဘတ်ဂျက်ကို အခြေခံပြီး တင်ပြခဲ့တာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး အမိန့်ရှိသလို ကျွန်တော်တို့ အခြေအနေပေးရင် ပြုပြင်ထိန်းသိမ်းရေး ရန်ပုံငွေ Current ကနေ ဆောင်ရွက်လို့ ရမယ်၊ မရမယ်ကို ကျွန်တော် ညှိနှိုင်းပြီးဆောင်ရွက်တင်ပြပေးပါမည် ဖြစ်ကြောင်း ရိုသေစွာ ဖြေကြားအပ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁း၅၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာ့ပိုင်နက်ပင်လယ်နှင့်

ပင်လယ်ဇုန်များ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၂။**

**ဒေါ်ကျိန်ငိုက်မန် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။**　။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ လိုက်ပါတယ်ရှင်။ ကျွန်မကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်ကျိန်ငိုက်မန် ပဲ ဖြစ်ပါတယ်ရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးအပ်မှုအရ ကျွန်မတင်ပြမယ့် အစီရင်ခံစာကတော့ မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြတဲ့ အစီရင်ခံစာပဲ ဖြစ်ပါတယ်ရှင်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၆-၄၁၅
ရက်စွဲ၊　၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ　၂၇ ရက်

၁။　　မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကို အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ၂၆-၈-၂၀၁၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်က ဤဥပဒေကြမ်းကို ပြင်ဆင်ချက်များဖြင့် သဘောတူ အတည်ပြုပြီး ၁၇-၁၁-၂၀၁၆ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ ပြန်လည် ပေးပို့ခဲ့ပါသည်။ ဤ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း က ၁-၁၂-၂၀၁၆ ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ပါသည်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သော လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်မှ ပညာရှင်တို့နှင့် ၅-၁၂-၂၀၁၆ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

### လေ့လာတွေ့ရှိချက်

၂။　　မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ပါတယ်-

(က)　အမျိုးသားလွှတ်တော်က အသစ်ဖြည့်စွက်ချက်အဖြစ် အတည်ပြုခဲ့သော ဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဇ)နှင့် အပိုဒ်ခွဲ(ဈ)တို့ကို ပြည်သူ့လွှတ်တော်က ပယ်ဖျက်ခဲ့ပါသည်။ ဤအပိုဒ်ခွဲများမှာ ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်၊ ကမ်းလွန်ရေတိမ်ပိုင်းနှင့် သက်ရှိသက်မဲ့ သယံဇာတပစ္စည်း ဆိုသည့် စကားရပ်တို့၏ အဓိပ္ပာယ် ဖွင့်ဆိုချက်များ ဖြစ်ပါသည်။

ဥပဒေကြမ်း၏ အဆိုပြုပြဋ္ဌာန်းချက်တွင် အခန်း(၂) ပိုင်နက်ပင်လယ်၊ အခန်း(၃)၊ ဆက်စပ်ဇုန်၊ အခန်း(၄) သီးသန့်စီးပွားရေးဇုန်၊ အခန်း(၅) ကမ်းလွန်ရေတိမ်ပိုင်းတို့၏ အခန်းများတွင် သီးခြားစီအဓိပ္ပာယ် ဖွင့်ဆိုထားသဖြင့် ဥပဒေရေးထုံးနှင့် ညီညွတ်စေရန်အတွက် အခန်း(၁)၊ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် အခန်းသို့ ရွှေ့ပြောင်းအမှတ်စဉ် ဖြည့်စွက်ပြီး မူလအဆိုပြုပြဋ္ဌာန်းချက် နေရာများမှ ပယ်ဖျက်ထားခြင်းဖြစ်ပါသည်။ ပြည်သူ့လွှတ်တော်က အဆိုပါ ပြင်ဆင်ဖြည့်စွက်ချက်များကို ပယ်ဖျက်ပြီး ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အပိုဒ် ၄၊ အပိုဒ် ၁၇၊ အပိုဒ် ၁၉၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈ တို့ဖြင့် မူလအဆိုပြုထားသည့်အတိုင်း ပြန်လည်ထားရှိ အတည်ပြုခဲ့ခြင်းဖြစ်ပါသည်။ ယင်းပြန်လည် အတည်ပြုထားသည့်အပေါ် ဥပဒေရေးထုံးနှင့် ညီညွတ်စေရန်အတွက် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အတိုင်းသာ ပြန်လည်ထားရှိသင့်ပါကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါသည်။

(ခ) ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်နှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် သဘောထားကွဲလွဲသည့် ဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ(ဍ)တွင် ပါရှိသော နိုင်ငံခြားရေယာဉ်ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အပိုဒ်ခွဲ(ဎ)တွင် ပါရှိသော သဘာဝ သယံဇာတပစ္စည်း ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို လည်းကောင်း၊ အပိုဒ် ၇ ခြေဆင်းတွင် ဖော်ပြထားသော နိုင်ငံခြားရေယာဉ်သည် ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းမှုပြုစဉ် အောက်ပါပြုလုပ်မှုတစ်ခုခုကို ပြုမူဆောင်ရွက်ပါက နိုင်ငံတော်၏ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး သို့မဟုတ် လုံခြုံရေးကို ထိပါးစေခြင်းဖြစ်သည်ဟု ပြင်ဆင်ထားခြင်းမှာ မူလအဆိုပြု ပြဋ္ဌာန်းချက်ဖြစ်သော နိုင်ငံခြားရေယာဉ်သည် ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းမှုပြုစဉ် အောက်ပါပြုလုပ်မှုတစ်ခုခုကို ပြုမူဆောင်ရွက်ပါက နိုင်ငံတော်၏ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး သို့မဟုတ် လုံခြုံရေးကို ထိပါးစေသည်ဟု မှတ်ယူရမည်ဟူသော စကားရပ်ကို ပိုမိုတိကျခိုင်မာစေရန်အတွက် ပြင်ဆင်ထားခြင်းဖြစ်၍ လည်းကောင်း၊ အပိုဒ် ၂၄၊ အပိုဒ်ခွဲ(က) တွင်ပါရှိသော သက်ရှိသက်မဲ့ သယံဇာတပစ္စည်းများကို စူးစမ်းရှာဖွေခြင်းနှင့် မည်သည့် ရည်ရွယ်ချက်ဖြင့်မဆို တူးဖော်ထုတ်လုပ်ခြင်းဟူသောစကားရပ်ပါ သယံဇာတပစ္စည်းဆိုသည့် စကားရပ်နှင့် မည်သည့် ရည်ရွယ်ချက်ဖြင့်မဆို ဆိုသည့်စကားရပ်တို့သည် အဆိုပြုပြဋ္ဌာန်းချက်တွင် ပြည့်စုံတိကျမှုရှိပြီးဖြစ်၍ လည်းကောင်း၊ အပိုဒ် ၂၇၊ အပိုဒ်ခွဲ(ခ) တွင်ပါရှိသော သက်ရှိ၊ သက်မဲ့ သယံဇာတပစ္စည်းများကို ဖမ်းယူခြင်း၊ တူးဖော်ခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းဆိုသည့် စကားရပ်တွင် ပစ္စည်းဟူသော စကားရပ်ကို ဖြုတ်ပယ်ရန် မသင့်ကြောင်း အကြံပြုဆွေးနွေး တင်ပြချက်များအရ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အတိုင်းသာ ပြန်လည်ထားရှိသင့်ပါကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါတယ်။

(ဂ) အဓိပ္ပာယ်ပိုမိုပြည့်စုံမှု ရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၃၊ အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားသော စကားရပ်များအစား နိုင်ငံတော်၏ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များအတွင်းရှိ သဘာဝသယံဇာတ ပစ္စည်းများအား ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရန်နှင့် စနစ်တကျရေရှည် ထုတ်ယူသုံးစွဲနိုင်ရန်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၈၊ အပိုဒ်ခွဲ(ဈ)ကို အပိုဒ် ၇၊ အပိုဒ်ခွဲ(ဈ) ဟုပြင်ဆင်ပြီး ငါးဖမ်းခြင်းဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ရှေ့တွင် လွှတ်တော်နှစ်ရပ်လုံးက ပယ်ဖျက်ခဲ့ပြီး ဖြစ်သဖြင့် ပြည့်စုံစွာဖော်ပြရန် လိုအပ်သောကြောင့် ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား တည်ဆဲ ဥပဒေအရ သတ်မှတ်ထားသည့် ငါးအပါအဝင် ရေနေသတ္တဝါများ၊ အပင်များကို ဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်း၊ ငါးလုပ်ငန်း ပြုလုပ်ခြင်း၊ ယင်းလုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်း၊ လုပ်ငန်းများဆောင်ရွက်ခြင်း၊ သဘာဝသယံဇာတများကို ပျက်စီးဆုံးရှုံး နစ်နာစေရန် ပြုလုပ်ခြင်းဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့် ကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါတယ်။

(ဃ) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် ဥပဒေကြမ်း အပိုဒ် ၆၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၈၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၉၊ အပိုဒ် ၁၂၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၄ ခြေဆင်း၊ အပိုဒ် ၁၅၊ အပိုဒ် ၂၄ မှ အပိုဒ် ၂၆ အထိ၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇၊ အပိုဒ် ၄၀ နှင့် အပိုဒ် ၄၃ တို့ကို ဆီလျော်အောင် ပြောင်းလဲအမှတ်စဥ်ပြီး ပြည်သူ့ လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုသင့်ပါကြောင်း ညှိနှိုင်း သဘောတူညီမှု ရရှိခဲ့ပါတယ်။

## ကော်မတီ၏ သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကြမ်းနှင့် စပ်လျဥ်း၍ ပြည်သူ့ လွှတ်တော်၏ အတည်ပြုချက်နှင့် ကွဲလွဲလျက်ရှိသော အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၂၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဇ)၊ အပိုဒ်ခွဲ(ဍ)၊ အပိုဒ်ခွဲ(ဎ)၊ အပိုဒ်ခွဲ(ဏ)၊ အပိုဒ် ၇ ခြေဆင်း၊ အပိုဒ် ၂၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၇၊ အပိုဒ်ခွဲ(ခ)တို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြု ချက်အတိုင်း ပြန်လည်ထားရှိရန်လည်းကောင်း၊ အမျိုးသားလွှတ်တော်က ပယ်ဖျက်ခဲ့ပြီး ပြည်သူ့ လွှတ်တော်က အဆိုပြုပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့သည့် အပိုဒ် ၄၊ အပိုဒ် ၁၇၊ အပိုဒ် ၁၉၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈ တို့ကို အမျိုးသားလွှတ်တော်၏ ပယ်ဖျက်ချက်အတိုင်းသာ ဆက်လက်ထားရှိရန် လည်းကောင်း၊ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၃၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၈၊ အပိုဒ်ခွဲ(ဈ) တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အပေါ် အခြေခံ၍ ပိုမိုဆီလျော်ပြည့်စုံစေရန် ပြင်ဆင်၍ အတည်ပြုရန် လည်းကောင်း၊ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၆၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၈၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ ၉၊ အပိုဒ် ၁၂၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၂၄ မှ အပိုဒ် ၂၆ အထိ၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇၊ အပိုဒ် ၄၀၊ အပိုဒ် ၄၃ တို့ကို ပြည်သူ့ လွှတ်တော်၏

အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုရန်လည်းကောင်း လွှတ်တော်က အတည်ပြု ဆောင်ရွက်ပြီး လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲချက်များကို ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ခံယူဆောင်ရွက်သင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၂း၀၁။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။

အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်း၏ ပြောင်းလဲအမှတ်စဉ်ထားသည့်

အခန်း(၃)၊ အပိုဒ် ၅(ခ)၊ အပိုဒ်၇(ဆ)၊ အပိုဒ် ၈၊ အပိုဒ် ၁၁(ဂ)၊ အပိုဒ် ၁၃ ခြေဆင်း၊ အပိုဒ် ၁၄၊

အခန်း(၅)၊ အပိုဒ် ၂၁(ဃ)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊

အခန်း(၉)၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊

အခန်း(၁၀)၊ အပိုဒ် ၃၅၊ အပိုဒ် ၃၈ တို့ကို ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းထားရှိရန် တင်ပြထားပါတယ်။

ဒါကြောင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘော တူ မတူ လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသော အပိုဒ်များကို တစ်ပိုဒ်ချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမဦးဆုံး တင်သွင်းလိုတဲ့ ပြင်ဆင်ချက်ကတော့ ဥပဒေကြမ်းကော်မတီရဲ့ အပိုဒ် ၃၊ အပိုဒ်ခွဲ(ခ) ဖြစ်ပါတယ်။

အပိုဒ်၃(ခ)၊ နိုင်ငံတော်၏ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များအတွင်းရှိ သဘာဝ သယံဇာတ ပစ္စည်းများအား ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် စနစ်တကျရေရှည် ထုတ်ယူသုံးစွဲနိုင်ရန် ဖြစ်ပါတယ်။

ဒီ ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ဒုတိယမြောက် ပြင်ဆင်ချက်ကို ဆက်လက်တင်ပြပါမယ်။

အပိုဒ် ၇၊ အပိုဒ်ခွဲ(ဈ)ဖြစ်ပါတယ်။

၇။ (ဈ) တည်ဆဲဥပဒေအရ သတ်မှတ်ထားသည့် ငါး အပါအဝင် ရေနေသတ္တဝါများ၊ အပင်များကိုဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ စွဲဆောင်ခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်း၊ ငါးလုပ်ငန်းပြုလုပ်ခြင်း၊ ယင်းလုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်း လုပ်ငန်းများဆောင်ရွက်ခြင်း၊ သဘာဝသယံဇာတများကို ပျက်စီးဆုံးရှုံးနစ်နာစေရန် ပြုလုပ်ခြင်းဖြစ်ပါတယ်။

ဒီ ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၇(ဈ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇(ဈ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်-

ဥပဒေကြမ်း၏ အပိုဒ် ၂(င)(စ)(ဆ)(ဇ)(ဍ)(ဎ)(ဏ)၊ အပိုဒ် ၇ ခြေဆင်း၊ အပိုဒ် ၂၄(က)နှင့် အပိုဒ် ၂၇(ခ)တို့ကို ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ မူလအတည်ပြုချက်အတိုင်း ထားရှိသင့်ကြောင်း တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်-

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၄၊ အပိုဒ် ၁၇၊ အပိုဒ် ၁၉၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈ တို့ကို ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ ပယ်ဖျက်ချက်အတိုင်းထားရှိသင့်ကြောင်း တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ပြုဖြစ်သည်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်း**

**အချိန်၊ ၁၂း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်တွင် ပြန်လည်ဆွေးနွေးရာ၌ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောမတူကြောင်း တွေ့ရှိရသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထိုသို့သဘော ကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၇၊ နည်းဥပဒေခွဲ(က)အရ အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၇။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မြန်မာ့ပိုင်နက်ပင်လယ်နဲ့ ပင်လယ်ဇုန်များဥပဒေကြမ်းနဲ့ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော်က အခုပဲ အတည်ပြုဆုံးဖြတ်ပြီး ဖြစ်ပါတယ်။ ဒီလိုအတည်ပြု ဆုံးဖြတ်တဲ့အခါမှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် နှစ်ရပ်ကြားမှာ သဘောကွဲလွဲချက် (၁၇)ချက် ပေါ်ထွက်လာပါတယ်။ ဒီသဘောကွဲလွဲချက် (၁၇)ချက်ကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၇၊ ပုဒ်မခွဲ(က) နဲ့အညီ ပြည်ထောင်စုလွှတ်တော်ကို တင်သွင်းဆုံးဖြတ်စေဖို့အတွက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးဖြစ်တဲ့ ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး က အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြရန် ဆုံးဖြတ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၂း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် ဒုတိယနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်(ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၂း၀၈ နာရီအချိန်တွင် ရပ်နားပါသည်။]